ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ (15-6-2005)(၄၆၂၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်မှုမရှိစေရေး ပညာပေးကြပ်မတ် ခင်းကျင်းပြီးလမ်းများ အစဉ်ကောင်းမွန်နေစေရန် ပြန်လည်စစ်ဆေး

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် လမ်းများ အဆင့်မြှင့်တင် ခင်းကျင်းလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ စာမျက်နှာ ၈ ကော်လံ ၅ သို့ ❐

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းအား နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ကြေးမုံ The Mirror ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

▶ *"အမျိုးသားရေးအားမာန် နိုးကြားတက်ကြွအောင် စာပေစွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်"*

ခေါင်းကြီး (စာမျက်နှာ-၂)

▶ *"အကြမ်းဖက်အဖျက်သမားတို့သည် အများပြည်သူကဲ့သို့ အသွင်ဆောင်ပြီး တစ်ဦးချင်း၊ တစ်ယောက်ချင်း လျှို့ဝှက်ဝင်ထွက်သွားလာကာ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်တတ်သည်ဖြစ်ရာ ပြည်သူများက အထူးသတိပြုကာကွယ်ကြရမည်ဖြစ်ပေသည်။ မသင်္ကာစရာ လူစိမ်းများ၊ ပစ္စည်းများ၊ လှုပ်ရှားဆောင်ရွက်မှုများ၊ မဟုတ်မမှန် ကောလာဟလ ထုတ်လွှင့်မှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပေးအကြောင်းကြားကြရန် လိုအပ်ပေသည်။"*

ခြင်ကျား(မအူပင်)၏ ဆောင်းပါး (စာမျက်နှာ-၆)

မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၅၅)နှစ်မြောက်အထိမ်းအမှတ်အဖြစ် ဟေးလုန်ကျန်းပြည်နယ် ယဉ်ကျေးမှုအကအဖွဲ့ ကပြဖျော်ဖြေ

ရန်ကုန် ဇွန် ၁၄

မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၅၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေးလုန်ကျန်းပြည်နယ်မှ အဖွဲ့ဝင် ၂၅ဦးပါဝင်သော ယဉ်ကျေးမှုအကအဖွဲ့သည် ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့-မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကပြဖျော်ဖြေ တင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်ပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ဇနီး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၅-၆-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

အမျိုးသားရေးအားမာန် နိုးကြားတက်ကြွအောင် စာပေစွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်

မြန်မာနိုင်ငံသည် နိုင်ငံတကာအလယ်တွင် အမျိုးသားရေး ဂုဏ်သိက္ခာမြင့်မားထည်ဝါစွာ ရပ်တည်နိုင်စေရေးအတွက် အဘက်ဘက်က ကြိုးပမ်းတည်ဆောက်လုပ်ဆောင်နေသည်။ နိုင်ငံတကာ မျက်နှာစာတွင် မိမိနိုင်ငံနှင့်လူမျိုး၏အမျိုးသားရေး အကျိုးစီးပွားကိုစောင့်ရှောက်မြှင့်တင်ပေးရန်၊ အမျိုးသားရေးနိုးကြားမှုနှင့် အမျိုးသားရေးစွမ်းအားတောင့်တင်း ခိုင်မာဖြစ်ထွန်းနေရန်လိုအပ်သည်။

စာပေသည် နိုင်ငံတော်၏ အမျိုးသားရေးတည်ဆောက်မှုနယ်ပယ်ကဏ္ဍအားလုံးကို စွမ်းအားကြီးမားစွာ လွှမ်းခြုံဆက်စပ် လှုံ့ဆော်အားပေးနိုင်သည့် စွမ်းပကားဖြင့် ပြည့်စုံသည်။

ထို့အပြင် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရည်မြင့်မားရေး၊ အကျင့်စာရိတ္တမြင့်မားခိုင်ကျည်ရေး၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် အမျိုးသားရေးလက္ခဏာများ မတိမ်ကော မပပျောက်စေရေးတို့အတွက် စာပေစွမ်းပကားဖြင့် ဖန်တီးဖော်ဆောင်ပေးနိုင်သည်။

ယနေ့ကာလသည် နိုင်ငံတော်အစိုးရက အမျိုးသားရေးမူဝါဒနှင့်အညီ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသားပြည်သူတို့၏ ပါဝင်ကြိုးပမ်းမှုဖြင့် တက်ညီလက်ညီအကောင်အထည်ဖော် တည်ဆောက်နေချိန်ဖြစ်သည်။

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား အပြန်အလှန်နားလည်စာနာမှု၊ ရိုင်းပင်းကူညီဖေးမမှုနှင့် ယုံကြည်အားထားမှု သဘောထားများဖြင့် နိုင်ငံတော်တည်ဆောက်မှုလုပ်ငန်းများတွင် လက်တွဲကြိုးပမ်းလျက်ရှိရာ နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုတစ်ဝန်း၌ အောင်မြင်မှုရလဒ်များ၊ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ဖြစ်ထွန်းရရှိနေပြီဖြစ်သည်။

ယင်းသို့ ပြည်ထောင်စုကြီး၏ စည်းလုံးညီညွတ်မှုနှင့် ဖွံ့ဖြိုးတိုးတက်နေမှုကို မလိုလား မရှုဆိတ်ကြသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက နည်းအမျိုးမျိုးဖြင့် သွေးထိုးနှောင့်ယှက်မှုများ ပြုလုပ်လျက်ရှိသည်။

ထို့အပြင် ပြည်ပနိုင်ငံကြီးအချို့က နိုင်ငံရေး ပယောဂနွှယ်ပြီး မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ဆို့မှုများ ပြုလုပ်နေကြသည်။ အဆိုပါနိုင်ငံကြီးအချို့၏ ထောက်ပံ့အားပေးမှုဖြင့် ပြည်တွင်း၊ ပြည်ပအဖျက်သမားအချို့ကလည်း နိုင်ငံတော်တည်ငြိမ် အေးချမ်းမှုနှင့် တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားထိခိုက်ဆုံးရှုံးစေရန် ကောလာဟလသတင်းများထုတ်လွှင့်ခြင်း အပါအဝင် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ကိုင်လျက်ရှိကြသည်။

အဖျက်သမားများက ပြည်ပသတင်းဌာနနှင့် မီဒီယာများအားကိုးဖြင့် သွေးထိုးနှောင့်ယှက် လုပ်ကြံဖန်တီးမှုများကို အချို့သော အမျိုးသားရေးကိုယ်ခံစွမ်းအား နည်းပါးသူများက ဟုတ်နိုးမှန်နိုးထင်ပြီး နားယောင်တတ်ကြသည်များရှိနေသည်။ ထို့မျှမက ပြည်သူများအတွင်း ထိတ်လန့်ကြောက်ရွံ့လာစေရန် အကြမ်းဖက်ဖောက်ခွဲမှုများ ပြုလုပ်လာသည်အထိ ဆိုးရွားစွာလုပ်ဆောင်လာကြောင်း တွေ့ရသည်။

ယင်းကဲ့သို့သော အင်အားကြီးနိုင်ငံအချို့က လူထုဆက်သွယ်ရေးနည်းလမ်းများကို အသုံးချပြီး လူမှုရေးမျက်နှာစာက ပုန်းလျှိုးကွယ်လျှိုးဝင်ရောက်၍ အတွေးအခေါ် အယူအဆအရ လွှမ်းမိုးချုပ်ကိုင်ရန် လုပ်ဆောင်လာကြသည့် အချိန်အခါတွင် စာပေပညာရှင်များအနေဖြင့် ပြည်သူများအတွင်း အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအားမာန်များ နိုးကြားလာ စေရေး အတွေးအမြင်အလင်းရောင်ကို ထွန်းညှိရှေ့ဆောင်ပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ အမျိုးသားရေး အကျိုးစီးပွားအပေါ် ထိပါးလာသူမှန်သမျှကို စာပေညာရှင်များက တုံ့ပြန်ချေဖျက်ပြီး ပြည်သူများ အတွေးမှန်၊ အမြင်မှန်၊ အသိမှန်စေရေးအတွက် အကျိုးပြုစာပေများကို စဉ်ဆက်မပြတ် ရေးသားပြုစုသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ စာပေပညာရှင်များ၊ စာပေလောကသားများအနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အမျိုးသားရေး အသိအမြင်၊ အမျိုးသားရေး စိတ်ဓာတ်၊ အမျိုးသားရေးအားမာန်တို့ ထာဝရ နိုးကြားတက်ကြွနေစေရေးအတွက် စာပေစွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မအူပင်စက္ကူစက်ရုံမှ ပထမတန်းအဆင့်မီစက္ကူများ ထုတ်လုပ်လျက်ရှိ ဂုန်လျှော်ပင်စည်များကို အဓိကကုန်ကြမ်းအဖြစ် အသုံးပြုထား

ရန်ကုန် ဇွန် ၁၄

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၉ ရက် နံနက် ၇ နာရီက မအူပင်မြို့ မအူပင်စက္ကူစက်ရုံသို့ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်တွင် တိုင်းမှူးအား စက်ရုံမှူး ဦးကိုလေးက စက်ရုံ၏ ကုန်ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မအူပင် စက္ကူစက်ရုံသည် ဂုန်လျှော်ပင်စည်များကို အဓိကကုန်ကြမ်း အသုံးပြု၍ ပထမတန်းအဆင့်မီ စာရေးစက္ကူနှင့် မိတ္တူကူး စက္ကူများအား ၂၀၀၄ ခုနှစ် အောက်တိုဘာလမှ စတင်ထုတ်လုပ်လျက်ရှိကြောင်းသိရသည်။

မအူပင်တက္ကသိုလ်

ထိုမှတစ်ဆင့် တိုင်းမှူးသည် မအူပင်တက္ကသိုလ်သို့လည်းကောင်း၊ မအူပင် အစိုးရ နည်းပညာကောလိပ်သို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူးသည် မအူပင်မြို့ တိုးရွှေဝါခန်းမတွင် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်စုဥက္ကဋ္ဌများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်တိုင်းမှူးသည် မအူပင် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်း လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ သားဖွားခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည်မအူပင်-ဆားမလောက် ကားလမ်းပေါ်ရှိ အဏ္ဏဝါလွှမ်းကုမ္ပဏီ၏ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရေချိုပုစွန်နှင့် ငါးကန်များတူးဖော်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် တိုင်းမှူးသည် ညောင်တုန်းမြို့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်တွင် တိုင်းမှူးအား စီမံကိန်းအထွေထွေမန်နေဂျာ ဦးအေးမြင့်နှင့် တာဝန်ရှိသူများက တွင်းသစ်များ စမ်းသပ်တူးဖော်မှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကုဗပေသန်းပေါင်း

ညောင်တုန်း သဘာဝဓာတ်ငွေ့မြေသည် တူးဖော်ပြီးတွင်း ၂၁တွင်းမှ သဘာဝဓာတ်ငွေ့နှင့် လေဆီများ အောင်မြင်စွာ ထုတ်လုပ်လျက်ရှိ၍ တစ်နေ့လျှင် ပျမ်းမျှသဘာဝဓာတ်ငွေ့ ကုဗပေ သန်းပေါင်း ၁၀၀ ကျော်နှင့် လေဆီ စည် ၈၀၀ ထွက်ရှိကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ညောင်တုန်းမြို့ အာရှသား ရေချိုပုစွန်၊ ငါးမျိုးစုံနှင့် ဘက်စုံမွေးမြူထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းစစ်ဌာနချုပ် မူလတန်းကြိုဆရာမသင်တန်းဖွင့် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တက်ရောက်

ရန်ကုန် ဇွန် ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် မူလတန်းကြို ဆရာမသင်တန်းအမှတ်စဉ် (၁/၂၀၀၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး တက်ရောက် အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)၏ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ မိခင်နှင့် ကလေးတို့၏ ပညာရည်မြင့်မားရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကလေးငယ်များအတွက် မူလတန်းကြိုကျောင်းများ ဖွင့်လှစ်ပေးလျက်ရှိသည့် အခြေအနေနှင့် သင်တန်းဖွင့်လှစ်ရခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

တက်ရောက်သင်ကြား

ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မူလတန်းကြိုဆရာမ သင်တန်း အမှတ်စဉ် (၁/၂၀၀၅) ကို ဇွန် ၂၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ၃၈ဦး တက်ရောက်သင်ကြားကြသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် မူလတန်းကြို ဆရာမ သင်တန်း အမှတ်စဉ် (၁/၂၀၀၅) သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး အမှာစကား ပြောကြားစဉ်။

(ရန်ကုန်တိုင်း)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးနှင့် မြို့တော်ဝန်တို့ ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁၄

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ယနေ့ နံနက် ၇ နာရီခွဲတွင် အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက် ကြည့်ရှုအားပေးကြသည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်ကြရာသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူးဦးမြင့်အောင်၊ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုးနှင့်ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနမှူးများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအရာရှိများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် အင်းစိန်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိလာပြီး ရုံးခန်းမတွင် မြို့တော်စည်ပင် ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာတင်မောင်ဝင်း၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်မြင့်မြင့်သိန်းတို့က အင်းစိန်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှုနှုန်းနှင့် ၎င်းရောဂါ ကာကွယ်တားဆီးရေး ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးကာကွယ်တားဆီးရေး၊ ကုသရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက်၊ သရက်ခြံ(၄)လမ်းနှင့် ရွာသစ်(၁)လမ်းတို့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့တော်စည်ပင်ဝန်ထမ်းများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီ၊အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းရပ်များဖြစ်သည့် ရေမြောင်းများအတွင်း ထုံးဖြူးခြင်း၊ ဆေးဖျန်းခြင်း၊ နေအိမ်နှင့် ပတ်ဝန်းကျင်ဆေးမှုတ်ခြင်း၊ ရေတွင်း၊ ရေကန်များအတွင်း ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်ကျင့်သုံးရေး ပညာပေး သရုပ်ပြသခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်နေပြည်သူများအား ရင်းနှီးစွာ လိုက်လံ နှုတ်ဆက်အားပေးသည်။ **(အောက်ပုံ)**

ပညာပေးဟောပြော

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်တို့သည် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၆)တွင် ရပ်ကွက်နေပြည်သူများအား ကျန်းမာရေးဦးစီးဌာနနှင့် မြို့တော်စည်ပင်ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ ပညာပေးဟောပြောနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

(၁၉)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ကဏန်းလုပ်ငန်းရှင်များအသင်း အသင်းသားများ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း အသင်းသားတစ်ဦးအား ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်စဉ်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ကဏန်းလုပ်ငန်းရှင်များအသင်း ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၁၄

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ကဏန်း လုပ်ငန်းရှင်များအသင်း အသင်းသားများ၏ သားသမီးများ အတွက် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ဆိပ်ကမ်းမြို့နယ်ခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း တက်ရောက် ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က အမှာစကားပြောကြားပြီး အသင်းနာယက ဦးမြတ်ဦး(လူမှုထူးချွန်တတိယဆင့်)က ပညာသင် ထောက်ပံ့ကြေး ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်း ပြောကြားသည်။

ဂုဏ်ပြုဆုများပေးအပ်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းထံ အလှူရှင် ငါးဦးတို့က ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဝန်ကြီးသည် အသင်းသားများ၏ သားသမီးများအတွက် ပညာသင် ထောက်ပံ့ကြေးငွေကို ပေးအပ်ချီးမြှင့်ပြီးလူမှုရေးလုပ်ငန်းများတွင် ထူးချွန်စွာ စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသင်းသားများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဆူနာမီအကြောင်း စာတမ်းဖတ်ကြားမည်

ရန်ကုန် ဇွန် ၁၄

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ပညာရပ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ကြီးမှူးကျင်းပမည့် ဆူနာမီအကြောင်း ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ကြားပွဲကို ဇွန် ၁၈ရက် (စနေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ အမ်အိုင်စီတီပတ်ခ် အခန်းအမှတ်(၂၀၅)၌ ကျင်းပမည်ဖြစ်သည်။

ထိုဟောပြောပွဲတွင် ဆူနာမီအခြေအနေနှင့် မြန်မာနိုင်ငံတွင် ဆူနာမီကာကွယ်ရေး အမျိုးသားအဆင့် သတိပေးစင်တာ အဆိုပြုချက်တွင် (Tsunami Phenomena and proposal for national tsunami warning centre in Myanmar) နှင့် ဆူနာမီဖြစ်ပွားပြီးနောက်ပိုင်း မြန်မာနိုင်ငံ ကမ်းရိုးတန်းတစ်လျှောက် ဆန်းစစ်လေ့လာမှု ကွင်းဆင်း အစီရင်ခံစာ (Field report on post tsunamis survey along the coastal area of Myanmar) စာတမ်းနှစ်စောင်ကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစံလှသော်၊မြန်မာနိုင်ငံ ငလျင် ကော်မတီမှ ဒေါက်တာဝင်းဆွေနှင့် ဦးတင့်လွင်ဆွေတို့က တင်သွင်းဖတ်ကြားကြမည်ဖြစ်သည်။

အဆိုပါစာတမ်းများဖတ်ပွဲသို့ စိတ်ဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နားထောင်နိုင်ကြသည်။(သတင်းစဉ်)

စာမူများပေးပို့နိုင်

ရန်ကုန် ဇွန် ၁၄

မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းက နှစ်စဉ် သတင်းစာလွှာအမည်ဖြင့် မဂ္ဂဇင်းကို ထုတ်ဝေလျက်ရှိရာ ယခုနှစ်တွင်လည်း အမှတ်(၅) မဂ္ဂဇင်းကို ထုတ်ဝေမည် ဖြစ်၍ ရသ၊ သုတစာပေ၊ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာစာမူများနှင့် ကာတွန်း၊ ဓာတ်ပုံများကို ဇူလိုင်၁ရက် နောက်ဆုံးထား ပေးပို့နိုင်ကြောင်း သိရသည်။

(က-ပ)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ်၁၄၅/၁၄၇ (အေ/၃)နေ ဦးအောင်မြင့်ရွှေ - ဒေါ်ခင်မေခင်၊ သမီး - မနှင်းဟေမာန်၊ မယဉ်နှင်းဖြူ မိသားစုတို့က ဒေါ်ခင်မေခင်၏ (၅၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နယ်စပ်ဒေသ မြစ်ကူးတံတား တည်ဆောက်ရေး ထိုင်းနှင့်မလေးရှား အစီအစဉ်များ ရေးဆွဲ

ဗန်ကောက် ဇွန် ၁၃

ထိုင်းနှင့် မလေးရှားနိုင်ငံတို့သည် နှစ်နိုင်ငံ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်ရေးလုပ်ငန်းများ အပြန်အလှန် မြှင့်တင်နိုင်စေရန် ရည်ရွယ်လျက် နယ်စပ်ဒေသရှိ ကိုလော့မြစ်ကို ဖြတ်သန်းတည်ဆောက်မည့် ဒုတိယမြောက်တံတား စီမံကိန်း အကောင်အထည်ဖော်ရန် အစီအစဉ်များ ရေးဆွဲလျက်ရှိကြောင်း ထိုင်းသတင်းအေဂျင်စီက တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်သည်။

ထိုင်းနှင့် မလေးရှားနိုင်ငံတို့၏ နယ်စပ်ဒေသတံတား တည်ဆောက်ရေး စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ နှစ်သန်းကျခံသုံးစွဲရမည်ဟု မျှော်လင့်ရကြောင်း၊ နှစ်နိုင်ငံစလုံးက ကုန်ကျစရိတ်ကို မျှဝေကျခံရန် သဘောတူညီခဲ့ကြကြောင်း၊ လာမည့်နှစ်နှစ်တာကာလအတွင်း တံတားတည်ဆောက်မှု ပြီးစီးမည်ဖြစ်ကြောင်း သတင်းအေဂျင်စီက ဖော်ပြသည်။

လက်မှတ်ရေးထိုး

နယ်စပ်ဒေသတွင် တံတား တည်ဆောက်ရေး သဘောတူညီချက်ကို နှစ်နိုင်ငံ ခေါင်းဆောင်များက လွန်ခဲ့သည့် အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ သို့ရာတွင် တံတားတည်ဆောက်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်ရန် နှောင့်နှေးကြန့်ကြာမှုများရှိခဲ့သည်။

သဘောတူညီ

ဆူကစ်ဘွန်ဂါဒေသရှိ ကိုလော့မြစ်ပေါ်တွင် ဖြတ်သန်း၍ တံတားတည်ဆောက်မည့် မြေနေရာသို့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကန်တာသီဆပ်ဖမ်မွန်ကွန်းနှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဒါတွတ်မူစတာဖမိုဟာမက်တို့ တနင်္ဂနွေနေ့တွင် သွားရောက်ကြည့်ရှုခဲ့ကြပြီးနောက် နယ်စပ်တံတား စီမံကိန်းအတွက် အရှိန်အဟုန် မြှင့်တင်လုပ်ကိုင်ရန် ထိုင်းနှင့် မလေးရှားတို့ သဘောတူညီခဲ့ကြသည်။

ဆွေးနွေး

နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးပူးတွဲမဟာဗျူဟာနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးနိုင်ရေးအတွက် မလေးရှားနိုင်ငံမြို့တော်ကွာလာလမ်ပူတွင် အင်္ဂါနေ့၌ နှစ်နိုင်ငံအထက်တန်းတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးကြမည် ဖြစ်ကြောင်း သတင်းအေဂျင်စီက ရေးသားဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



အီရတ်နိုင်ငံ ကာရာဘီလာကျေးရွာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရသူတစ်ဦးအား ကာအင်ဆေးရုံတွင် ဇွန် ၁၃ ရက် ကတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့တော်ရှိ ဆလိုဗက်သံရုံးအနီး ဗုံးဖောက်ခွဲမှုဖြစ်

ဘဂ္ဂဒက် ဇွန် ၁၃

ဖောက်ခွဲသူတစ်ဦးက ဘဂ္ဂဒက်မြို့တော်ရှိ ဆလိုဗက်သံရုံး အပြင်ဘက်တွင် စနေနေ့က ဗုံးဖောက်ခွဲရာ အီရတ်နိုင်ငံသား လေးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် ဘဂ္ဂဒက်တောင်ပိုင်း ဂျက်ဒရီယာခရိုင်တွင် ညနေ ၃ နာရီခန့်က ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဖောက်ခွဲသူက ပေါက်ကွဲစရာပစ္စည်းများ အပြည့်အသိပ် တင်ဆောင်လာသည့် မော်တော်ယာဉ်ကို ဆလိုဗက်သံရုံးရှေ့တွင် ဖောက်ခွဲခဲ့ခြင်းဖြစ်ရာ လူလေးဦး ထိခိုက်ဒဏ်ရာရရှိပြီး ၎င်းမှာ သေဆုံးသွားသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဆလိုဗက်နိုင်ငံမှ တပ်ဖွဲ့ဝင် ၁၀၉ ဦး အီရတ်တွင် ရှိနေပြီး အဓိကအားဖြင့် မိုင်းရှင်းရေးလုပ်ငန်းများ လုပ်ကိုင်နေကြခြင်း ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်ရဲတပ်ဖွဲ့အကြီးအကဲနှင့် လက်ထောက်တို့ကို ကယ်ကွတ်မြို့တွင် လက်နက်ကိုင်များက သတ်ဖြတ်

ဘဂ္ဂဒက် ဇွန် ၁၃

လက်နက်ကိုင်များက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဌာနမှ အကြီးအကဲ ရဲအရာရှိတစ်ဦးနှင့် ၎င်း၏ လက်ထောက်တို့အား အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင် ဗုဒ္ဓဟူးနေ့က သတ်ဖြတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

ပစ်ခတ်

မည်သူမည်ဝါမှန်း မသိရသော လက်နက်ကိုင်များက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဌာနမှအကြီးအကဲ ဗိုလ်မှူးကြီး ရာမန်အော့သ်မန်ဆိတ်နှင့် ၎င်း၏ လက်ထောက်ဒုတိယဗိုလ်မှူးကြီး ဝါနင်ဂျာရက်ဂျက်ဘာတို့အား မော်တော်ယဉ်ပေါ်မှ သေနတ်ဖြင့် ပစ်ခတ်သွားခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗိုလ်မှူးကြီး အော့သ်မန်ဆိတ်သည် ပစ်ခတ်မှုကြောင့် ပွဲချင်းပြီး သေဆုံးသွားပြီး ဒုတိယဗိုလ်မှူးကြီး ဂျက်ဘာမှာ ရရှိခဲ့သောဒဏ်ရာဖြင့် ကယ်ကွတ်မြို့ရှိ ဆေးရုံတစ်ရုံတွင် သေဆုံးသွားသည်ဟု ဆိုသည်။

ရိုးယိုက်လူမျိုးများ လွှမ်းမိုးသည့် အီရတ်အစိုးရက ဧပြီလကုန်ပိုင်းတွင် ကျမ်းသစ္စာကျိန်ဆိုပြီးခဲ့သည့် နောက်ပြောက်ကျားများသည် အီရတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များအား အရှိန်မြှင့်တိုက်ခိုက်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်ကုန်သွယ်ရေးလိုငွေပြမှု ဧပြီလအတွင်း မြင့်တက်လာ

ဝါရှင်တန် ဇွန် ၁၃

ရေနံဝယ်ယူတင်သွင်းမှု မြင့်တက်ခဲ့ရမှုအကြောင်းတစ်ရပ်ကြောင့် အမေရိကန် ကုန်သွယ်ရေး လိုငွေပြမှုသည် ဧပြီလအတွင်း ရာခိုင်နှုန်းအားဖြင့် ၆ ဒသမ ၃ ရာခိုင်နှုန်း အမေရိကန်ဒေါ်လာ ၅၇ ဘီလီယံ မြင့်တက်လာခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေး ဌာနက သောကြာနေ့တွင်ဖော်ပြလိုက်သည်။

၄၁ ရာခိုင်နှုန်းမြင့်မား

ရေနံဝယ်ယူတင်သွင်းမှုများ စံချိန်တင်သည်အထိ ၄၁ ရာခိုင်နှုန်းမြင့်မားလာခဲ့ရာ မတ်လအတွင်း လိုငွေပြမှု ဒေါ်လာ ၅၃ ဒသမ ၆ ဘီလီယံ ရှိခဲ့ရာမှ ကုန်သွယ်ရေးတွင် မညီမမျှဖြစ်မှု မြင့်တက်လာခဲ့သည်ဟု အစီရင်ခံစာတွင် ပါရှိသည်။

အမေရိကန် ပြည်ထောင်စု၏ စုစုပေါင်းပြည်ပမှ ဝယ်ယူတင်သွင်းမှုသည် ဧပြီလအတွင်း ဒေါ်လာ ၁၆၃ ဒသမ ၄ ဘီလီယံအထိ စံချိန်တင် မြင့်တက်လာခဲ့သည်။ ရေနံတင်သွင်းမှု ၄ ဒသမ ၃ ရာခိုင်နှုန်းအထိ ဈေးခုန်တက်ခဲ့သည်။ ရေနံတင်သွင်းမှု စုစုပေါင်း ပမာဏမှာ ယင်းလအတွင်း ဒေါ်လာ ၁၉ ဒသမ ၄ ဘီလီယံဖြစ်ရာ လွန်ခဲ့သော နိုဝင်ဘာလက စံချိန်အောက် ရောက်ခဲ့သည်။အမေရိကန်ပြည်ထောင်စု၏ ပြည်ပပို့ကုန်များဧပြီလအတွင်းဒေါ်လာ ၁၀၆ ဒသမ ၄ ဘီလီယံအထိ စံချိန်တင် မြင့်တက်ခဲ့ပြီး လေယာဉ်၊ ကွန်ပျူတာနှင့်စက်မှုသုံး စက်ပစ္စည်းများအားလုံး အရောင်းတွင်ကျယ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံရေးနှင့် စီးပွားရေး အကြီးအမှူးများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တွေ့ဆုံမည်

ကုလသမဂ္ဂ ဇွန် ၁၃

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် နိုင်ငံရေးနှင့် စီးပွားရေးလုပ်ငန်းအကြီးအမှူးများနှင့် တွေ့ဆုံနိုင်ရန် ပြင်သစ်နိုင်ငံ ပါရီမြို့သို့ သွားရောက်မည်ဖြစ်ကြောင်းကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ၏ရုံးက သောကြာနေ့တွင် ထုတ်ပြန်ကြေညာသည်။

စီစဉ်ထား

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ပြင်သစ်သမ္မတရှီရက်၊ နိုင်ငံခြားရေးဝန်ကြီး ဖီးလစ်ဒတ်စ် ဗလာစီတို့နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း ၎င်းက ပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ပြင်သစ်နိုင်ငံပါရီတွင် ဦးစွာ အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ယင်းနောက်တွင် ကုလသမဂ္ဂ၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လျာထားချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များပါဝင်ဆောင်ရွက်မြှင့်တင်ရန် တိုက်တွန်းမည့် မိန့်ခွန်းတစ်ရပ်ကို ပြင်သစ်စီးပွားရေးလုပ်ငန်းရှင် ၂၀၀ ခန့်အားပြောကြားမည်ဖြစ်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရောက်ရှိ

တနင်္လာနေ့တွင် စတင်မည့် ကိုဖီအာနန်၏ ခရီးစဉ်အတိုင်း ပြင်သစ်သမ္မတနှင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲတို့နှင့်အတူ အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်ရန် စီစဉ်ထားကြောင်း၊ ကြာသပတေးနေ့တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်သို့ ကိုဖီအာနန် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး မတော်တဆဖြစ်မှုကြောင့် သေဆုံး

ဘဂ္ဂဒက် ဇွန် ၁၃

အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသည် အီရတ်နိုင်ငံ မြောက်ပိုင်းဒေသတွင် တိုက်ခိုက်မှုမဟုတ်သည့် မတော်တဆဖြစ်မှုကြောင့် ရရှိခဲ့သော ဒဏ်ရာဖြင့် သေဆုံးသွားကြောင်းအမေရိကန်စစ်ဘက်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် တစ်ဦးသည် ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်း ကီလိုမီတာ ၂၀၀ ခန့်အကွာရှိ တပ်စ်ခူမာတူမြို့အနီးတွင်သောကြာနေ့ကသေဆုံးသွားသည်ဟု စစ်ဘက်ကထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါတပ်ဖွဲ့ဝင် သေဆုံးမှုကိစ္စအတွက် စုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်လျက်နေပြီး ၎င်း၏ ဆွေမျိုးများအား အကြောင်းကြားပြီးချိန်အထိ ၎င်း၏ အမည်ကို ထုတ်ပြန်ခြင်းမရှိသေးပေ။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ရှာအက်အားကစားကွင်းတွင် ကျင်းပသည့် ဘောလုံးပွဲသို့ လာရောက်ကြည့်ရှုကြသည့် ပရိသတ်များအား အီရတ်တပ်ဖွဲ့ဝင်များက စစ်ဆေးနေသည်ကို ဇွန် ၁၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်က အာဖဂန်နစ္စတန်သို့ ဘတ်စ်ကား ၄၂ စီး လွှဲပြောင်းပေးအပ်

အစ္စလမ္မာဘတ် ဇွန် ၁၃

အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ထောက်ပံ့မှုအဖြစ် အာဖဂန်နစ္စတန် အစိုးရအား ဘတ်စ်ကား ၄၂ စီးကို ဇွန်လ ၁၁ ရက်တွင် ပါကစ္စတန်အစိုးရက လွှဲပြောင်းပေးအပ်ခဲ့သည်ဟု ပါကစ္စတန်နိုင်ငံ၏ သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။

အနောက်မြောက် နယ်စပ်မြို့တော် ပက်ရှ်ဝါတွင် အာဖဂန်သံတမန်ထံသို့ ပါကစ္စတန်အစိုးရက ဘတ်စ်ကားသော့များ လွှဲပြောင်းပေးအပ်ပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့သည်။ အာဖဂန်နစ္စတန်သို့ ဘတ်စ်ကားအစီး ၁၀၀ ပေးအပ်ရန် စီစဉ်ထားကြောင်း ပါကစ္စတန်က ကြေညာခဲ့သည်။ ဘတ်စ်ကား ၃၅ စီးကို အာဖဂန်နိုင်ငံသို့ ပေးပို့ခဲ့ပြီးဖြစ်ပြီး ယခုအခါ ၄၂ စီးကို ပေးပို့ခဲ့ရာ စုစုပေါင်း ၇၇ စီး ပေးပို့ခဲ့ပြီးဖြစ်သည်။ ကျန်ဘတ်စ်ကား ၂၃ စီးကို ယခုလကုန်ပိုင်းတွင် ဆက်လက်ပေးပို့မည်ဖြစ်သည်။

စစ်ကြောင့် ပျက်စီးခဲ့ရသော အာဖဂန်နစ္စတန်နိုင်ငံကို ပညာရေး၊ ကျန်းမာရေးနှင့် လမ်းများပြင်ဆင် တည်ဆောက်ရေး စီမံကိန်းဆောင်ရွက်ရန်နှင့် အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတို့အတွက် ပါကစ္စတန်နိုင်ငံမှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ကူညီပေးမည်ဟုလည်းကတိပေးထားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ စီးပွားရေး လျင်မြန်စွာ တိုးတက်လာမှု အာဆီယံအတွက် ဈေးကွက်အလားအလာ ဖန်တီးပေးနိုင်

ဗန်ကောက် ဇွန် ၁၃

တရုတ်နိုင်ငံ၏စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) နိုင်ငံများအတွက် ဈေးကွက်အလားအလာများ ဖန်တီးပေးနိုင်ရန် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးက သောကြာနေ့တွင် ပြောကြားသည်။

ရပ်တည်

တရုတ်နိုင်ငံသည် စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်များကို ချမှတ်ဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရရှိနေကြောင်း၊ လွန်ခဲ့သည့်နှစ်ကာလများအတွင်း အာဆီယံ၏ အဓိက ကုန်သွယ်ဖက်နိုင်ငံအဖြစ် တရုတ်နိုင်ငံ ရပ်တည်လာကြောင်း (၁၅)ကြိမ်မြောက် ကော်ပိုရေးရှင်းများဆိုင်ရာ ညီလာခံ၏ အစုအဖွဲ့ အစည်းအဝေးတစ်ရပ်တွင် ထိုင်းကူးသန်းရောင်းဝယ်ရေး ဝန်ကြီး သာနောင်းဘီဒါယာက ပြောကြားသည်။

တရုတ်နိုင်ငံ၏ ဝယ်လိုအားမြင့်မားလာမှုသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ပြည်ပပို့ကုန်ကဏ္ဍများ တိုးတက်လာစေရန် အထောက်အကူပြုကြောင်း၊ ဈေးကွက်များ ကျယ်ပြန့်လာမှုနှင့်အတူ ဒေသဆိုင်ရာဖွံ့ဖြိုးမှုအတွက် အကျိုးရှိစေကြောင်း ၎င်းက ပြောကြားသည်။

ဥပမာအားဖြင့်ဆိုရသော် တရုတ်နိုင်ငံသည် ရော်ဘာဝယ်လိုအား တိုးလာသဖြင့် လွန်ခဲ့သည့် သုံးနှစ်တာကာလဖြစ်သည့် တိုတောင်းသည့်အချိန်အတွင်းမှာပင် မိမိတို့နိုင်ငံတွင် ထုတ်လုပ်သော ရော်ဘာမှာ အရောင်းသွက်လာပြီး ဈေးနှုန်းမှာ နှစ်ဆမြင့်တက်လာကြောင်း၊ မိမိတို့သည် တရုတ်နိုင်ငံ၏ ဈေးကွက်အတွင်းသို့ ပိုမိုဝင်ရောက်လိုကြောင်း ၎င်းက ပြောကြားသည်။

အလားအလာ

တရုတ်နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ခြင်းကြောင့် ယင်းနိုင်ငံ၏ ဈေးကွက်အလားအလာများမှာ ကြီးမားကြောင်း သာနောင်းက ပြောကြားသည်။

အာဆီယံသည် တရုတ်နိုင်ငံ၏ စတုတ္ထမြောက် အကြီးဆုံး ကုန်သွယ်ဖက် အဖွဲ့အစည်းဖြစ်သည်။ အာဆီယံနှင့်တရုတ်တို့၏ အပြန်အလှန်ကုန်သွယ်မှုပမာဏမှာ ယခုနှစ် ပထမငါးလတာကာလအတွင်း အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၇၂ ဘီလီယံရှိကြောင်း တရုတ်အကောက်ခွန်ဌာနက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

တရုတ်နှင့်အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် လာမည့် ဇူလိုင် ၁ ရက်မှစ၍ အကောက်ခွန်နှုန်းထားများကို စတင်လျှော့ချကြမည်ဖြစ်သည်။ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်အရ ကုန်ပစ္စည်းအမျိုးအမည်ပေါင်း ၇၀၀၀ ပေါ်တွင် အကောက်ခွန်နှုန်းများကို လျှော့ချပေးမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လေဆိပ်

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ နီနွိုင်းအကွီနို နိုင်ငံတကာလေဆိပ်ကို ဇွန် ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်များ ပေါက်မြောက်ရေး တက်ညီလက်ညီဆောင်ရွက်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုက်တွန်း

ဂျီနီဗာ ဇွန် ၁၃

၂၀၀၀ ပြည့်နှစ်က ကမ္ဘာ့ခေါင်းဆောင်များ ချမှတ်ထားခဲ့သည့် ကမ္ဘာ့တစ်ဝန်းဖွံ့ဖြိုးမှု ရည်မှန်းချက်များ ပေါက်မြောက်ရေးအတွက် စုပေါင်းညီညာ လုပ်ဆောင်ကြရန် လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က သောကြာနေ့တွင် တိုက်တွန်းလိုက်သည်။

ကျန်းမာရေးနှင့် နီးနွှယ်သည့် ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့် ပတ်သက်သည့် တိုးတက်မှုသည် ကမောက်ကမ ဖြစ်နေကြောင်း၊ ၎င်းအတိုင်း ဆက်လက်ဖြစ်ပေါ်နေပါက အဆင်းရဲဆုံး နိုင်ငံများအနေဖြင့် ယင်းရည်ရွယ်ချက် ပေါက်မြောက်စေရန် ဖြည့်ဆည်းနိုင်မည်မဟုတ်ကြောင်း၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး နည်းလမ်းများအနက် အောင်မြင်မှုရှိကြောင်း ပြသနိုင်သည့် နည်းလမ်းများကို အဓိက ကျင့်သုံးရန် လိုအပ်ကြောင်း ဒဗလျူအိပ်ချ်အိုက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ပြောကြား

ယင်းရည်ရွယ်ချက်များပေါက်မြောက်စေရန် နည်းလမ်းများရှိကြောင်း၊ မိမိတို့တွင် နည်းပညာရှိကြောင်း မိမိတို့ လိုအပ်နေသည့်အရာမှာ အရင်းအမြစ်များနှင့် နိုင်ငံရေးစိတ်ဓာတ်တို့ပင်ဖြစ်ကြောင်း၊ လာမည့် ဆယ်နှစ်စုကာလတွင် ရည်မှန်းချက်အောင်မြင်စေရန် ကတိကဝတ်ပြုမှုအတွက် အချိန်ကြာသည်အထိ စောင့်ဆိုင်းနေနိုင်မည် မဟုတ်ကြောင်း ဒဗလျူအိပ်ချ်အို ညွှန်ကြားရေးမှူးချုပ် လီဂျွန်ဝစ်က ပြောကြားသည်။

အသက်ငါးနှစ်အောက် ကလေးငယ်သေဆုံးမှုနှုန်း သုံးပုံနှစ်ပုံအထိ လျှော့ချနိုင်သည့် သတ်မှတ်ချက်ကို ဖွံ့ဖြိုးဆဲနိုင်ငံအတွင်း မည်သည့်နိုင်ငံကမျှ ဖြည့်ဆည်းပေးနိုင်မှု မရှိသေးဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်တွင် မူးယစ်ဆေးဝါး နှစ်တန်ကျော် သိမ်းဆည်း

တီဟီရန် ဇွန် ၁၃

အီရန် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့သည် မေလအတွင်းက နိုင်ငံအရှေ့မြောက်ပိုင်း ရာဇာဗီခိုရာဆန်ပြည်နယ်တွင် မူးယစ်ဆေးဝါး နှစ်တန်ကျော်ကို သိမ်းဆည်းလိုက်ကြောင်း နိုင်ငံပိုင် အိုင်အာရ်အင်အေ သတင်းဌာနက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ခဲယမ်းမီးကျောက် အများအပြားကိုလည်း မှောင်ခိုကုန်ကူးသူများထံမှ သိမ်းဆည်းရမိလိုက်ကြောင်း ပြည်နယ်ရဲမှူးကြီး အာမက်ရီဇာရာဒန်၏ ပြောကြားချက်ကို ကိုးကားလျက် အိုင်အာရ်အင်အေသတင်းဌာနက ဖော်ပြသည်။

တရားဝင်ထုတ်ပြန်သော စာရင်းများအရ အီရန်နိုင်ငံတွင် မူးယစ်ဆေးစွဲနေသူ နှစ်သန်းထက်မနည်း ရှိသည်ဟုသိရသည်။ အီရန်နိုင်ငံသည် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအစီအစဉ်များတွင် နှစ်စဉ် အမေရိကန်ဒေါ်လာ ငါးဘီလီယံ သုံးစွဲလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်တွင် ဇွန် ၁၃ ရက်က ဖွင့်လှစ်လိုက်သည့် ကားပြပွဲ၌ ဘီအမ်ဒဗလျူ ကားကုမ္ပဏီက ထုတ်လုပ်သော ၇၆၀ လီဆီဒင် မော်တော်ကားကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အနောက်အာဖရိကဒေသ စိုက်ပျိုးရေးကဏ္ဍတွင် တိုးတက်မှုများရှိလာ

လေဂို့စ် ဇွန် ၁၃

အနောက်အာဖရိကဒေသတွင် လွန်ခဲ့သော ၁၀ နှစ်အခြေအနေနှင့် နှိုင်းစာလျှင် စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုသည် တိုးတက်လာသည်။ ပြောင်းထုတ်လုပ်မှုတွင် နှစ်ဆတိုးတက်လာပြီး ပီလောပီနံထုတ်လုပ်မှုတွင် ငါးဆတိုးတက်လာကြောင်း အနောက်အာဖရိကနိုင်ငံများ စီးပွားရေးအဖွဲ့(အီကိုဝါပ်စ်)မှ တာဝန်ရှိသူတစ်ဦးက ဇွန် ၉ ရက်တွင် ပြောကြားသည်။

ထိုသို့ တိုးတက်လာခြင်းမှာ တစ်ဧကအထွက်နှုန်း တိုးတက်လာအောင် ဆောင်ရွက်နိုင်ခြင်းကြောင့် မဟုတ်ဘဲ စိုက်ဧက ချဲ့ထွင်နိုင်ခဲ့ခြင်းကြောင့်သာ အထွက်တိုးလာခြင်းဖြစ်သည်ဟု အီကိုဝါပ်စ်အဖွဲ့မှ အစီအစဉ်မှူး ကွီလီဘိုဆူဘာက ပြောကြားသည်ကို နိုင်ဂျီးရီးယားသတင်းဌာနက ဖော်ပြခဲ့သည်။

ဒေသထွက် စိုက်ပျိုးရေးထွက်ကုန်များကို ဒေသဈေးကွက်နှင့် အပြည်ပြည်ဆိုင်ရာ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းအား တိုးတက်လာစေရန်နှင့် စိုက်ပျိုးရေး ကုန်ထုတ်စွမ်းအား တက်လာစေရန် အီကိုဝါပ်စ်အဖွဲ့က ရည်ရွယ်သည်။ ထိုရည်ရွယ်ချက်ကို ပြည့်မြောက်စေရန်အတွက် စိုက်ပျိုးရေးတွင် ပုဂ္ဂလိကများ ပါဝင်လာနိုင်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ တိုး၍လုပ်လာနိုင်စေမည့် အခြေအနေများ ဖန်တီးပေးမည်ဖြစ်ကြောင်း ကွီလီဘိုဆူဘာက ဆက်လက်ပြောကြားသည်။

ဒေသတွင်း စိုက်ပျိုးရေးတွင် တိုးတက်မှုများ ရှိလာသည်ကို တွေ့ရသော်လည်း စိန်ခေါ်မှုအများအပြားမှာ ဖြေရှင်းစရာ ပုစ္ဆာများအဖြစ် ကျန်ရှိနေသေးသည်။ စီးပွားရေးစွမ်းဆောင်ရည် ညံ့ဖျင်းနေဆဲအခြေအနေတွင် ရှိနေပြီး တစ်ဧကအထွက်နှုန်း နည်းပါးခြင်းနှင့် လယ်သမားတစ်ဦးစီ၏ ကုန်ထုတ်စွမ်းအားမှာလည်း နိမ့်ကျနေဆဲအခြေအနေတွင်သာ ရှိနေသေးသည်ဟု ဆူဘာက ဆိုသည်။

စိုက်ပျိုးရေးမူဝါဒများကို အကောင်အထည်ဖော်ရာတွင် အားနည်းခြင်း၊ မာခရို စီးပွားရေးမူဝါဒများကို လုပ်ဆောင်ရာ၌ ကဏ္ဍများကို အညီအညွတ် လုပ်ဆောင်ရာတွင် ချွတ်ယွင်းမှုများ ရှိနေခြင်းနှင့် လူငယ်များကို စိုက်ပျိုးရေးလုပ်ငန်းများသို့ ဝင်ရောက်လုပ်ကိုင်လာစေရန် လုံလောက်သော ဆွဲဆောင်မှုများ မပေးနိုင်ခြင်း စသည့်အခက်အခဲများနှင့်လည်း ကြုံတွေ့နေရကြောင်း သိရသည်။

စိုက်ပျိုးရေးကိစ္စအချို့တွင် အစိုးရက ကြားဝင်ဆောင်ရွက်ရသည့် အစီအစဉ်များကို အကောင်အထည်ဖော်ရသည့် ကိစ္စများ၊ စီမံကိန်းများကို အကောင်အထည်ဖော်ရာ၌လည်း ပြင်ပမှ လာသော ဘဏ္ဍာရေးအထောက်အပံ့နှင့် ချေးငွေများအပေါ်၌သာ အလွန်အမင်း မှီခိုနေရသည့် အခြေအနေများသည် ဖြေရှင်းရမည့် စိန်ခေါ်မှုများပင် ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ထိုင်းကောင်စစ်ဝန်ရုံး မလေးရှားတွင် ဖွင့်လှစ်

ကွာလာလမ်ပူ ဇွန် ၁၃

မလေးရှားနိုင်ငံ အနောက်မြောက်ဘက်ကမ်းခြေအလွန်တွင် တည်ရှိသော လန်ကာဝီကျွန်းတွင် ထိုင်းနိုင်ငံက ကောင်စစ်ဝန်ရုံးတစ်ရုံး ဖွင့်လှစ်လိုက်သည်။

ဇွန် ၁၀ ရက် ညနေပိုင်းက ကျင်းပသည့် အဆိုပါကောင်စစ်ဝန်ရုံးဖွင့်ပွဲသို့ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မဟာသာမိုဟာမက်နှင့် မလေးရှားနိုင်ငံသို့ အလည်အပတ် ရောက်လျက်ရှိသော ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကန်ကက် ထိစူဖမွန်ခွန်တို့ တက်ရောက်ကြကြောင်း စနေနေ့ထုတ် သတင်းစာက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဟောင်ကောင်သို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှု ဧပြီလတွင် မြင့်တက်

ဟောင်ကောင် ဇွန် ၁၃

ဟောင်ကောင်သို့ ယခုနှစ်ဧပြီလတွင် ကမ္ဘာလှည့်ခရီးသည် နှစ်သန်းနီးပါးလာရောက်ခဲ့ရာ နှစ်အလိုက် ၁၁ ဒသမ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဟောင်ကောင်ခရီးသွားလုပ်ငန်းက ကြာသပတေးနေ့တွင် ကြေညာသည်။

ယခုနှစ် ပထမလေးလတာကာလအထိ ကမ္ဘာလှည့်ခရီးသည် ခုနစ်သန်းကျော် ရောက်ရှိလာရာ ယခင်နှစ် အလားတူကာလထက် ၁၁ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုမှာ မြင့်တက်လျက်ရှိရာ အမေရိကတိုက်များက ၁၇ ဒသမ ၅ ရာခိုင်နှုန်း၊ ဥရောပ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသတို့က ၃၀ ဒသမ၉ ရာခိုင်နှုန်း၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် တောင်ပစိဖိတ်ဒေသတို့က ၃၀ ဒသမ ၈ ရာခိုင်နှုန်း၊ တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတို့က ၁၉ ဒသမ ၁ ရာခိုင်နှုန်း၊ တရုတ်ပြည်မက ၈ ဒသမ ၆ ရာခိုင်နှုန်းနှင့် တရုတ်တိုင်ပေက ၃ ဒသမ ၈ ရာခိုင်နှုန်းအသီးသီးမြင့်တက်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အကြမ်းဖက်အဖျက်သမားတို့၏ကိုယ်ပွား ကောလာဟလသတင်းများ

ခြင်ကျား(မအူပင်)

ယနေ့အချိန်အခါတွင် ကောလာဟလသတင်းများ မကြာခဏ ဖြစ်ပေါ်လျက်ရှိသည်။ ယင်းကောလာဟလ သတင်းများမှာလည်း မမှန်သတင်းများသာ ဖြစ်နေသည်။ အဆိုပါ ကောလာဟလသတင်းများကို ယုံစားမိ၍ စိတ်သောကရောက်ရသူများကိုလည်း များစွာ ကြုံခဲ့ဖူးချေပြီ…။

စာရေးသူနေသော မအူပင်မြို့သည် မြို့တော်ရန်ကုန်နှင့် အလှမ်း မဝေးသော မြို့ဖြစ်၏။ ၁၉၈၈ခုနှစ် မတိုင်မီက ရေလမ်းဖြင့် မအူပင်မြို့မှ မြို့တော်ရန်ကုန်သို့ ငါးနာရီခန့်ဖြင့်သွားနိုင်၏။ ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်က မအူပင်တံတား တည်ဆောက်ပေးခဲ့ရာ မအူပင်မှ ကုန်းလမ်း ခရီးဖြင့် နှစ်နာရီခန့်ဖြင့် မြို့တော်ရန်ကုန်သို့ သွားနိုင်၏။ သို့ဖြစ်ပါလျက် မြို့တော်ရန်ကုန်မှာ ဖြစ်ပွားသော သတင်းကို အမှန်အတိုင်း မကြားရခြင်းမှာ အံ့သြစရာ ကောင်းလှ၏။ ခေတ်မီဆက်သွယ်ရေးစနစ်များ ပေါ်ထွန်းနေကြပါလျက် သတင်းမှားဟူသော ကောလာဟလသည် စည်းမဲ့ကမ်းမဲ့ဝင်ရောက်လာတတ်၏။

၇-၅-၂၀၀၅ ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ရဟန်းရှင်လူ ပြည်သူများ ဝင်ထွက်သွားလာ ကူးသန်းရောင်းဝယ်လူစည်ကားရာ နေရာ သုံးနေရာမှာ ချိန်ကိုက်ဗုံးသုံးလုံး ဆက်တိုက်ပေါက်ကွဲခဲ့၍ ရဟန်းရှင်လူ ၁၁ဦး သေဆုံးပြီး ၁၆၂ ဦး ဒဏ်ရာရရှိခဲ့ကြသည်။

ထိုကြေကွဲစရာသတင်းဆိုးသည် အတည်ပြုချက်မရမီ မအူပင် မြို့ကို ရောက်ရှိလာ၏။ ကောလာဟလဖြင့် ကြိုတင်ရောက်ရှိ လာသည်ဖြစ်ရာ အရေအတွက်များပြားစွာ ချဲ့ကားရောက်ရှိလာခြင်း ဖြစ်သည်။ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားက အတည်ပြု ထုတ်လွှင့်သောအခါကျမှ အမှန်သတင်းကို ကြားရမြင်ရသည်။

နောက်နေ့ ၈-၅-၂၀၀၅ ရက်နေ့တွင် ဆက်တိုက် ရန်ကုန် မြို့တွင် ဗုံးပေါက်ကွဲကြောင်း၊ ဘယ်နေရာ ဘယ်ဌာနဖြစ်ကြောင်း ကောလာဟလတစ်ခု မအူပင်ကိုရောက်လာသည်။ မမှန်သတင်း ဖြစ်၍ လေထဲမှာပင် ကွယ်ပျောက်သွားသည်။ ကောလာဟလ၏ ဖြားယောင်းသွေးဆောင်မှုကို ယနေ့တိုင်ယုံကြည်စွာ လက်ခံနေသူ များရှိနေ၏။ ထိုကောလာဟလကို ဆန်းစစ်ဆုံးဖြတ် ဝေဖန်မှုမရှိဘဲ တီးတိုးဝါဒ ဖြန့်သူများရှိနေ၏။ ထိုကောလာဟလကို ချဲ့ကား၍ အဆင့်ဆင့် လက်လီပေးနေသူများရှိ၏။

ထိုသို့သော ကောလာဟလကြောင့် ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်း ပေါ်ပေါက်ခဲ့သော ၁၉၈၈ ခုနှစ် အရေးအခင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ယိုင်လဲ၍ ပြည်ထောင်စု ပြိုကွဲတော့မည့် အခြေအနေအထိ ဦးတည်ခဲ့ဖူး၏။

အရေးအခင်းကာလတွင် ပြည်တွင်း၊ ပြည်ပ အဖျက်သမား များ၏ အမှောင့်ပယောဂ ကောလာဟလ ထိုးနှက်ချက်များ၊ မီးလောင်ရာလေပင့်သဘောဖြင့် သွေးထိုးလှုံ့ဆော်မှုများ၊ ကောလာ ဟလကို အခြေပြု၍ စီးပွားရေးသမားတို့၏ ဈေးကစားမှုများ၊ စာနယ်ဇင်း ကျင့်ဝတ်များကို ဖောက်ဖျက်ကာ ထုတ်ဝေသော လမ်းဘေးစာစောင်များ၊ စည်းလွတ် ဝါးလွတ် ရှုတ်ချဟောပြော မှုများ ပေါ်ပေါက်ခဲ့သည်။ ပြည်ပမှ လုပ်ကြံ စွက်ဖက် အသံလွှင့် ချက်များနှင့် ဒုစရိုက်သမားများ၏ မင်းမဲ့စရိုက်လုပ်ရပ်များ ပေါင်းစပ်ကာ နိုင်ငံတော်တစ်ဝန်းလုံးတွင် ကျီးလန့်စာစားဘဝ ရောက်ခဲ့ရဖူးသည်။

ကောလာဟလသတင်းများကြောင့် ကျောင်းသူ၊ ကျောင်းသား အချို့ လမ်းမှားရောက်ကာ သောင်းကျန်းသူ အဖျက်သမားလက် တွင် ရောက်ရှိခဲ့ကြရသည်။ တပ်မတော်က သဘောထားကြီးစွာ ပြန်လည်ကြိုဆိုခေါ်ယူ လက်ခံစောင့်ရှောက်ခဲ့ရဖူးသည်။ ဝန်ထမ်း လောကတွင်လည်း ကောလာဟလကြောင့် ဝန်ထမ်းအချို့မှာ လမ်းမှားခဲ့ရသည်။ တစ်စိတ်ကို တစ်အိတ်၊ အဟုတ်ကို မဟုတ်၊ အမှန်ကိုအမှား၊ အမှားကိုအမှန် ထင်မှတ်မှားကြရန် နည်းလမ်း အမျိုးမျိုး၊ အဖျက်မျိုးစုံ ပယောဂအဖုံဖုံ လုပ်ကြံဖန်တီးခဲ့မှုကြောင့် တရားဥပဒေ စိုးမိုးရေးနှင့် နယ်မြေ အေးချမ်းသာယာ တည်တံ့ ခိုင်မြဲရေးဆိတ်သုဉ်းကာ မင်းမဲ့စရိုက်လွှမ်းမိုးခဲ့သည့် အနိဋ္ဌာရုံ လူနေမှု ဘဝဆိုးကြီး ဖြစ်ပေါ်ခဲ့ရသည်ကို ပြည်သူတစ်ရပ်လုံး လက်တွေ့ခံစား ခဲ့ရဖူးပေသည်။

ရာဇနီတိကျမ်းတွင် (၁) တစ်ဆင့်ပြော၍ သိရသောစကား (၂)မျက်ကွယ်ရာအရပ်၌ ပြောဆိုသောစကား (၃) နှစ်ခွန်းနှစ်ဝ ပြောဆိုသောစကားနှင့် (၄) အမျက်ဒေါသ အာဃာတဖြင့်ပြောဆိုသော စကားတို့ကို ယုံကြည်စွဲမြဲစွာ လက်မခံထိုက်ဟု ဖွင့်ဆိုထားလေသည်။

ဗုဒ္ဓဘုရားရှင်သည် လူသားအချင်းချင်း စကားပြောဆိုကြရာတွင် မဟုတ်မမှန်သောစကားကို မဆိုမိစေရန် ရည်ရွယ်၍ အကျိုးဆိုက်၍ အဖိုးထိုက်တန်သော စကားကိုသာ ပြောဆိုကြရမည်။ အဖိုးမထိုက်၊ အကျိုးမရှိသောစကားကို နှုတ်မှထုတ်ဟခြင်းထက် စကားမပြောဘဲ နေခြင်းက မြတ်လှ၏။ ပုဂ္ဂိုလ်နှစ်ဦးနှစ်ဝ တွေ့ဆုံခဲ့ကြပါလျှင် စကားပြောရမည်ဆိုပါက အကျိုးရှိသောစကားကိုသာ ပြောဆိုကြ ရမည်။ အကျိုးလုံးဝမရှိသောစကားကို ပြောဆိုခွင့်ရစေကာမူ ပြောဆို ခြင်းမပြုဘဲ နှစ်ဦး မျက်နှာချင်းဆိုင်ကာ ဆိတ်ဆိတ်နေကြပါလေဟု မိန့်ကြားသွားခဲ့ဖူးလေသည်။

ဘုရားရှင်သည် အဘယရာဇကုမာရသုတ်တွင် (၁) မှန်လည်းမမှန်၊ အကျိုးလည်းမရှိ၊ သူတစ်ပါးလည်း မနှစ်သက်သောစကားကို ပြောဆို ခြင်းမှ ရှောင်ကြဉ်ခြင်း (၂) မှန်ပင်မှန်သော်လည်း အကျိုးလည်းမရှိ၊ သူတစ်ပါး နှစ်သက်စေကာမူ ရှောင်ကြဉ်ခြင်း (၃) မှန်လည်းမမှန်၊ အကျိုးလည်းမရှိ သူတစ်ပါး နှစ်သက်စေကာမူ ရှောင်ကြဉ်ခြင်း (၄) မှန်ပင် မှန်သော်လည်း အကျိုးမရှိ၊ သူတစ်ပါး မနှစ်သက်သော စကားဖြစ်စေကာမူ ရှောင်ကြဉ်ခြင်း (၅) မှန်လည်းမှန်၏၊ အကျိုး လည်းရှိ၏၊ သူတစ်ပါးမနှစ်သက်ခဲ့လျှင် အခါအခွင့်ကိုကြည့်၍ ပြောဆို ခြင်းနှင့် (၆) မှန်လည်းမှန်၏၊ အကျိုးလည်း ရှိ၏၊ သူတစ်ပါး နှစ်သက်၏။ ထိုစကားမျိုးကို ပြောဆိုခြင်း စသော စကားခြောက်ရပ် ကို ဟောဖော်ညွှန်ပြခဲ့သည်။

ယနေ့ပြောဆိုနေကြသော ကောလာဟလကား အဘယ ရာဇကုမာရသုတ်လာ မှန်လည်းမမှန်၊ အကျိုးလည်းမရှိ သူတစ်ပါး မနှစ်သက်သောစကားပင် ဖြစ်သည်။

ကောလာဟလနှင့်စပ်လျဉ်း၍ ဥပမာပြု တင်ပြလိုပါသည်။ ထိုဖြစ်ရပ်နှစ်ခုကား တစ်ခုမှာ သရေခေတ္တရာတွင် ဖြစ်ပွားခဲ့၍ နောက်ဖြစ်ရပ်မှာ မျက်မှောက်ကာလ၌ ဖြစ်ပွားသွားခဲ့ပါသည်။ သရေခေတ္တရာ နိဂုံးကမ္ပတ် အဆုံးသတ်ခါနီးတွင် အမျိုးသမီး တစ်ယောက်၏ ဆန်ပြာသော 'စကော' လေပွေမွှေ့၍ ပါသွားရာ ပိုင်ရှင်အမျိုးသမီးက 'ငါ့စကော-ငါ့စကော'ဟု အော်ဟစ်ကာ ဆန်ကော နောက် ပြေးလိုက်သည်။ ထိုအရာကိုမြင်၍ နှုတ်မဆင်ခြင်သူတို့က ငါစကောစစ်သည်များ ချီတက်လာပြီဟု ပြောရာမှ ကောလာဟလ ကြောင့် ကြောက်လန့်ပြီး မိမိတို့အိုးအိမ်များကို အသီးသီး စွန့်ခွာ ထွက်ပြေးကြလေသည်။

မျက်မှောက်ကာလဖြစ်ရပ်မှာ စာရေးသူနေထိုင်ရာ မြို့တွင် ဖြစ်ပွားခဲ့သည်။ စာရေးသူတို့မြို့မှ ပုသိမ်မြို့သို့ ဗိုလ်မြတ်ထွန်း တံတား တည်ဆောက်ပြီးနောက် နေ့ချင်းပြန်သွားနိုင်ပါသည်။ မအူပင်မှ နံနက် ၅နာရီ ပုသိမ်သို့သွား၍ ပုသိမ်က နေ့လယ် ၂နာရီ မအူပင်ပြန်လာသော မအူပင်နေ့ချင်းပြန်ကား နေ့စဉ် ပြေးဆွဲပေး ထားသည်။

တစ်နေ့၌ ပုသိမ်မြို့သို့ရောက်နေသည့် မအူပင်မှကားပေါ်တွင် ဗုံးပေါက်ကွဲကြောင်း သတင်းဆိုးကြီး ကြားရသည်။ မအူပင်သားတို့ ထိတ်ထိတ်ပျာပျာဖြစ်ပြီး ပုသိမ်ကို ဖုန်းဆက်စုံစမ်းကြသည်။ ပုသိမ် မြို့မှ ဘာမျှမသိရကြောင်းဖြေသည်။ မအူပင်-ပုသိမ် နေ့ချင်းပြန်ကား မအူပင်သို့ရောက်တော့မှ ထိုဗုံးပေါက်ကွဲမှုသတင်းမှာ ကောလာဟလ ဖြစ်ကြောင်း သိရှိရပါတော့သည်။

၂၀၀၅ ခုနှစ် ဇွန်လ ၇ ရက်နေ့ထုတ် သတင်းစာများတွင် ဇွန်လ ၆ရက်နေ့စွဲဖြင့် နိုင်ငံတော် တည်ငြိမ်ရေးနှင့် တရားဥပဒေ စိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည့် အကြမ်းဖက် အဖျက် သမားများသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နည်းမျိုးစုံ အသုံးပြု၍ လုပ်ဆောင်လျက်ရှိပြီး မဟုတ်မမှန်သည့် ကောလာဟလ သတင်းများကိုလည်း လုပ်ကြံဖန်တီး ထုတ်လွှင့် လျက်ရှိကြောင်း သတိပေး ထုတ်ပြန်ခဲ့ကြောင်း တွေ့ရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီကလည်း သတင်းစာရှင်းလင်းပွဲများ ကျင်းပ၍ သတင်းမှန်များကို ရှင်းလင်း ထုတ်ပြန်ပေးလျက်ရှိသည်။ နေ့စဉ်ထုတ် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ သတင်းမှန် များကို ထုတ်ပြန်ပေးခဲ့သည့်အပြင် လိုအပ်ပါက သတင်းစာရှင်းလင်းပွဲ မှတ်တမ်းစာစောင်များကို အခမဲ့ ဖြန့်ချိပေးနေသည်။

သို့ဖြစ်ရာ ကောလာဟလထုတ်လွှင့်သူ၊ တီးတိုးဝါဒဖြန့်သူ များသည် အကြမ်းဖက်အဖျက်သမားတို့၏ ကိုယ်ပွားဖြစ်ကြောင်း သတိပြုကြရပေလိမ့်မည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် အကြမ်း ဖက် အဖျက်သမားတို့ ထုတ်လွှင့်သော ကောလာဟလသတင်း များကို စိစစ်ဝေဖန်ကြရန်လိုအပ်သကဲ့သို့ ကောလာဟလကို တစ်ဆင့် ဖောက်သည်မချကြရန်လည်း လိုအပ်ပေသည်။ **အကြမ်းဖက် အဖျက်သမားတို့သည် အများပြည်သူကဲ့သို့ အသွင်ဆောင်ပြီး တစ်ဦးချင်း၊ တစ်ယောက်ချင်း လျှို့ဝှက်ဝင်ထွက်သွားလာကာ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်တတ်သည်ဖြစ်ရာ ပြည်သူ များက အထူးသတိပြုကာကွယ်ကြရမည် ဖြစ်ပေသည်။ မသင်္ကာစရာ လူစိမ်းများ၊ ပစ္စည်းများ၊ လှုပ်ရှားဆောင်ရွက်မှုများ၊ မဟုတ်မမှန် ကောလာဟလ ထုတ်လွှင့်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပေးအကြောင်းကြားကြရန် လိုအပ် ပေသည်။**

ထို့ကြောင့် အကြမ်းဖက် အဖျက်သမားတို့၏ ကိုယ်ပွားဖြစ်သော ထိုကောလာဟလသတင်းများကို ချင့်ချိန် ဝေဖန် စဉ်းစားတတ်သော အမျိုးသားရေးအသိအမြင် ကိုယ်ခံစွမ်းအားဖြင့် ကာကွယ်တားဆီး၍ အကြမ်းဖက် အဖျက်သမားတို့အား ပြည်သူ့သဘောထား လေးရပ် နှင့်အညီ တိုက်ဖျက်သွားကြရန် ရေးသားလိုက်ရပါသည်။ ။

ကောလာဟလထုတ်လွှင့်သူ၊ တီးတိုးဝါဒဖြန့်သူများသည် အကြမ်းဖက် အဖျက်သမားတို့၏ ကိုယ်ပွားဖြစ်ကြောင်း သတိပြုကြရပေလိမ့်မည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် အကြမ်းဖက် အဖျက်သမားတို့ ထုတ်လွှင့်သော ကောလာဟလသတင်းများကို စိစစ်ဝေဖန်ကြရန် လိုအပ်သကဲ့သို့ ကောလာဟလကို တစ်ဆင့် ဖောက်သည် မချကြရန်လည်း လိုအပ်ပေသည်။

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်မှာကြား

ရန်ကုန် ဇွန် ၁၄

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၉ရက် နံနက် ၉ နာရီခွဲတွင် မော်လမြိုင်မြို့ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အောင်ဆန်းခန်းမတွင်ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်နှင့် ကောင်စီဝင်များ၊ ခရိုင်နှင့် မြို့နယ် ဥက္ကဋ္ဌများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်ရုံ၊ အလုပ်ရုံမှူးများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အမှာစကားပြောကြားပြီး ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ရပ်နားလိုက်သည်။

ရှင်းလင်းတင်ပြ

ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် စက်ရုံမှူးများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၁၅–၆–၂၀၀၅

(ဗုဒ္ဓဟူးနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ တေးဂီတအစီအစဉ်
၇း၁၀ မြန်မာ–ဂျပန် ရိုးရာလက်ဝှေ့ပွဲ
၇း၄၅ တေးဂီတအစီအစဉ်
၇း၅၀ နိုင်ငံတကာသတင်းအကျဉ်း
၇း၅၅ စည်းကမ်းလိုက်နာ ဘေးကင်းကွာ
၈း၀၅ ဖန်တီးသူတို့အနုပညာ
၈း၂၅ ပြည်တွင်းသတင်းအကျဉ်း
၈း၃၀ မေးကြည့်ဖြေကြည့်ပဟေဠိ
၈း၅၅ တေးဂီတအစီအစဉ်
၉း၀၀ မပြောမပြီး မတီးမမြည်
၉း၂၀ တေးဂီတအစီအစဉ်
၉း၂၅ ရှားပါးသောရေချိုရေငန် စပ်မိကျောင်းများ အပိုင်း(၂)
၉း၃၀ မြေလျှောင်နှင့် ကမ်းသို့ ရိုက်ခတ်လာသော ရေလှိုင်းကြီးများ(ဆူနာမီ)
၁၀း၂၀ တေးဂီတအစီအစဉ်
၁၀း၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀ မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ ကျောက်တစ်လုံးရေကူ ရေလှောင်တမံ
၁၀း၄၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅ ဖီဖာကမ္ဘာ့ဖလား အားကစားအစီအစဉ်
၁၀း၅၅ တေးဂီတအစီအစဉ်
၁၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ (၄)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် ဖြူးမြို့နယ် ဖြူးကွန်းကြိုးပြင် အကွက်အမှတ်–၁၃၊ မြယာပင်ကြိုးဝိုင်း အကွက်အမှတ်–၅၆/၅၇ရှိ ၂၀၀၄ခုနှစ် သီးခြားကျွန်းစိုက်ခင်းဧက ၆၀၀စိုက်ခင်းတွင် ကျွန်းပျိုးပင်အား စိုက်ပျိုးပေးစဉ်။

(သစ်တောရေးရာ)

သစ်တောဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်စက်များနှင့် စိုက်ခင်းများ စစ်ဆေး

ရန်ကုန် ဇွန် ၁၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇွန် ၁၂ရက်မှ ၁၄ရက်အထိ ပဲခူးတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ သစ်စက်များ၊ စိုက်ခင်းတည်ထောင် ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညောင်ပင်သာ

ဝန်ကြီးသည် ဇွန် ၁၂ရက် နံနက်ပိုင်းတွင် ဖြူးမြို့နယ် ညောင်ပင်သာရှိ အမှတ်(၁၀၄)သစ်စက်သို့ရောက်ရှိရာ ဧည့်ခန်းမ၌ သစ်စက်မန်နေဂျာနှင့် တာဝန်ရှိသူများက သစ်စက်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရည်မှန်းချက်များ ပြည့်မီရေး၊ စက်ကြံ့ခိုင်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေး၊ သန့်ရှင်းသာယာလှပရေးအတွက် သစ်ပင်စိုက်ပျိုးရေးတို့ကို မှာကြားသည်။

သီးခြားကျွန်းစိုက်ခင်း

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဖြူးမြို့နယ် ဖြူးကွန်းကြိုးပြင်အကွက်အမှတ်(၁၃) မြယာပင်ကြိုးဝိုင်း အကွက်အမှတ်(၅၆)၊ (၅၇)ရှိ ၂၀၀၄ခုနှစ် သီးခြားကျွန်းစိုက်ခင်းဧက ၆၀၀ရှိ ယာယီရှင်းလင်းဆောင်သို့ရောက်ရှိရာ ဦးစီးအရာရှိ ဦးဝင်းအောင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးအေးလွင်တို့က သီးခြားကျွန်းစိုက်ခင်းအတွက် ပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည် ကျွန်းပျိုးပင်ကိုစိုက်ပျိုးပေးပြီး စိုက်ခင်းသို့ ကျွန်းပျိုးပင်များ ရွှေ့ပြောင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ စိုက်ခင်းများအောင်မြင်မှုရရှိရေး စနစ်တကျဆောင်ရွက်သွားရန်မှာကြားသည်။

ဝန်ကြီးသည် ဇွန် ၁၃ရက် ညနေပိုင်းတွင် တောင်ငူမြို့ မြန်မာ့သစ်လုပ်ငန်းရုံးသို့ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်း၊ အထွေထွေမန်နေဂျာများဖြစ်ကြသော ဦးခင်မောင်စိုးနှင့် ဦးဝေလင်းအောင်တို့က မန္တလေးတိုင်းအတွင်း စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများတည်ထောင်မှု၊ ထိန်းသိမ်းမှု၊ သစ်ခွဲသားများ ဖြန့်ဖြူးရောင်းချပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးက မိုးရာသီကာလအတွင်း စိုက်ပျိုးမှုလုပ်ငန်းများပြီးစီးရေး ဆက်လက်ဆောင်ရွက်သွားရန်မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အထပ်သားစက်ရုံ

ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ဆွာမြို့ရှိ မြန်မာ–ကိုရီးယား အပြည်ပြည်ဆိုင်ရာ လီမိတက်နှင့် မြန်မာ့သစ်လုပ်ငန်းတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အထပ်သားစက်ရုံသို့ရောက်ရှိရာ စက်ရုံဧည့်ခန်းမ၌ MKTI Co., Ltd.မှ Mr. Jan Han Kimက စက်ရုံမှ အထပ်သားထုတ်လုပ်မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည် သစ်ပါးလွှာများကို ပေါင်းဖိုများအတွင်းသို့ ထည့်သွင်းအခြောက်ခံမှုအဆင့်ဆင့်ကိုလည်းကောင်း၊ ပြည်ပပို့ရန် ထုပ်ပိုးမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံများက လိုက်လံရှင်းလင်းတင်ပြကြသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် မြန်မာ့သစ်လုပ်ငန်း ပင်မအလုပ်ရုံသို့ ရောက်ရှိလာရာ အလုပ်ရုံခန်းမ၌ လက်ထောက်အထွေထွေမန်နေဂျာ ဦးစောဝင်းချယ်က ၂၀၀၅–၂၀၀၆ခုနှစ်အတွင်း ပြင်ဆင်သွားမည့် ယာဉ်၊ ယန္တရားအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည် ပင်မအလုပ်ရုံ၏ စတိုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စံချိန်မီအရည်အသွေးရရှိရေး၊ ခြိုးခြံချွေတာရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တောင်ငူမြို့နယ် ကျွန်းကုန်းရှိ အမှတ်(၈၉) သစ်စက်သို့လည်းကောင်း၊ အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာရှိ အမှတ်(၈၈) သစ်စက်သို့လည်းကောင်း ရောက်ရှိပြီး သစ်ခွဲသားများ ခွဲစိတ်မှု၊ ဖြန့်ဖြူးရောင်းချမှုတို့နှင့်ပတ်သက်၍ မှာကြားကာ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ဝန်ကြီး ဒေါက်တာကျော်မြင့် ပဲခူးမြို့ ဆေးရုံကြီးစစ်ဆေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြည့်ရှုမှာကြား

ရန်ကုန် ဇွန် ၁၄

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်တို့ လိုက်ပါလျက် ယနေ့နံနက် ၁၀နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတိုးချဲ့ဆောင် ဆောက်လုပ်မည့် လုပ်ငန်းနှင့် ဆေးရုံကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အဖွဲ့သည် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ဆေးရုံဆောက်လုပ်မည့်လုပ်ငန်းအခြေအနေကို ဆေးရုံအုပ်ကြီး ဒေါက်တာထင်လင်းက လည်းကောင်း၊ အလှူရှင် ဦးကျင်ဝမ်း–ဒေါ်လှသိန်း မိသားစုက တိုးချဲ့နှစ်ထပ်ဆောင် ဆောက်လုပ်ရေးလှူဒါန်းမည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆေးရုံတိုးချဲ့နှစ်ထပ်ဆောင် ဆောက်လုပ်မည့် မြေနေရာကို စစ်ဆေးကြသည်။

သာယာလှပရေး

ယင်းနောက် ဝန်ကြီးသည် ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသာယာရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အစဉ်အမြဲ ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်ထားရှိရန်နှင့် ဆေးရုံမျက်နှာစာ စိမ်းလန်းစိုပြည် သာယာလှပစေရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး အခပေးလူနာခန်း၊ အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ခန်း၊ လူနာကုသဆောင်၊ မီးယပ်နှင့် သားဖွားဆောင်၊ အရိုးအကြောအဆစ် ထိခိုက်ဒဏ်ရာခွဲစိတ်ဆောင်၊ ကလေးရောဂါလူနာဆောင်၊ ကလေးရောဂါကုသဆောင်၊ ဖျားနာဆောင်များ၊ စိတ်ကျန်းမာရေးဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက လိုက်လံရှင်းလင်းပြသကြပြီး ဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်မှန်ဌာနရှိ ဓာတ်မှန်စက်နှင့် Ultrasoundစက်အသုံးပြုမှု၊ ဓာတ်ခွဲခန်းနှင့် သွေးလှူဘဏ်၊ အထူးကု ပြင်ပလူနာဌာန၊ ဆေးအရောင်းဆိုင်၊ မျက်ခမ်းစပ်နှင့် မျက်မမြင် ကာကွယ်ရေး စီမံကိန်းဒေသကြီး(၄) မျက်စိကု ပြင်ပလူနာဌာနရှိ ဓာတ်ခွဲခန်းနှင့် ခွဲစိတ်ခန်းမှ လူနာများအား ကုသပေးနိုင်မှု အခြေအနေများကို စစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ယင်းနောက် ပဲခူးတိုင်း တီဘီရောဂါဌာနနှင့် ခရိုင်အနာကြီးရောဂါ ပပျောက်ရေး စီမံကိန်းအဖွဲ့ ဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ သန့်ရှင်းသပ်ရပ်အောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

သားဖွားသင်တန်းကျောင်း

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆေးသိပ္ပံပညာ ဦးစီးဌာန သားဖွားသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုရာ သင်တန်းကျောင်းအုပ် ဒေါ်မြမြစန်းက လိုက်လံရှင်းလင်းပြသသည်။ ဝန်ကြီးက သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး သင်တန်း၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးသည် တိုင်းရင်းဆေးကုဌာန၌ လူနာကုသစောင့်ရှောက်ပေးနိုင်မှုအခြေအနေ၊ တိုင်းရင်းဆေးဝါးများ ရောင်းချဖြည့်ဆည်းပေးနိုင်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ တိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များနှင့် တွေ့ဆုံပြီး ဝန်ကြီးက လက်ထောက်ဆရာဝန်များအနေဖြင့် ဤဆေးရုံကြီး၌ လက်တွေ့လေ့ကျင့် သင်ယူနိုင်သည့် အခွင့်အလမ်းများရရှိပြီး ကျွမ်းကျင်သော အထူးကုဆရာဝန်ကြီးများ၏ အတွေ့အကြုံနှင့် ပေါင်းစပ်ကာ နောင်တစ်ချိန် မိမိတို့တာဝန်ယူရမည့် မြို့နယ်၊ ဒေသရှိ ပြည်သူလူထုအားကိုး ယုံကြည်သော ဆရာဝန်ကြီးများဖြစ်အောင် ကြိုးပမ်း လေ့ကျင့်သင်ယူကြရန် မှာကြားသည်။

ကျေးလက်ကျန်းမာရေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အင်းတကော် ကျေးလက်ကျန်းမာရေးဌာနသို့သွားရောက်၍ ဆေးပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း အခြေအနေ၊ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများကို စစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

တိုက်နယ်ဆေးရုံ

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံ တိုက်နယ်ဆေးရုံသို့ သွားရောက်၍ လူနာဆောင်များ၊ မွေးလူနာဆောင်နှင့် သားဖွားခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ စားပွဲတင်တင်းနစ် အားကစားသမားများအား တွေ့ဆုံမှာကြား

အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ (၂၀၀၅)ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) စားပွဲတင် တင်းနစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စားပွဲတင်တင်းနစ် အားကစားသမားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

(ရန်ကုန်တိုင်း)

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ (၂၀၀၅)ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ)စားပွဲတင်တင်းနစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စားပွဲတင်တင်းနစ် အားကစားသမားများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် အရာရှိကြီးများ၊ အားကစားအထောက်အကူပြု ကော်မတီဥက္ကဋ္ဌများ၊ အသင်းအုပ်ချုပ်သူနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် အားကစားသမားများနှင့် တာဝန်ရှိသူများအား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက (၂၀၀၅)ခုနှစ် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဒိုင်းနှင့် တပ်မတော်(ကြည်း၊ရေ၊လေ)စားပွဲတင် တင်းနစ်ပြိုင်ပွဲသည် (၂၀၀၅)ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများအနက် ပထမဦးဆုံးကျင်းပသည့် အားကစားပြိုင်ပွဲဖြစ်ရာ ပွဲဦးထွက် အောင်မြင်မှုရရှိအောင် ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း၊ ယခင်နှစ် အောင်မြင်မှုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ယခုနှစ်တွင်လည်း တိုင်းဂုဏ်ကို ဆောင်နိုင်အောင် ကြိုးစား ယှဉ်ပြိုင်ကြစေလိုကြောင်းဖြင့် မှာကြားသည်။ (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့်သို့ ရောက်ရှိလာပြီး အဆိုပါလမ်းထောင့်ရှိ သဲစစ်ကန်အတွင်းရှိ အမှိုက်များနှင့် သိမ်ဖြူလမ်းဖြတ် မြေအောက်ရေနုတ်မြောင်းတစ်လျှောက်ရှိ အမှိုက်၊ ရွှံ့နှင့် နုန်းများ ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

လိုက်လံရှင်းလင်းပြသ

ဆက်လက်၍ ဒဂုံမြို့နယ် ပန်တျာလမ်းတစ်လျှောက် အမှိုက်များရှင်းလင်းခြင်း၊ မြက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပန်တျာလမ်းဖြတ် မြေအောက်ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးအဝင် အရှည်ပေ ၅၀၀၊ အကျယ်ပေ ၈၀ရှိ နတ်စင်လမ်းကို ကျောက်ခင်းကတ္တရာ လမ်းသားတင်ခင်းကျင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ လှိုင်မြို့နယ် ရတနာသစ်အိမ်ရာအနီး၌ ဘုရင့်နောင်လမ်းမကြီးကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ အင်းစိန်မြို့နယ် ကွက်သစ်ရပ်ကွက်နှင့် ပေါက်တောရပ်ကွက်အနီးရှိ ကသွယ်ချောင်းတစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေရေး၊ အမှိုက်၊ ရွှံ့နှင့်နုန်းများ ဆယ်ယူရှင်းလင်းခြင်းနှင့် ချောင်းတစ်လျှောက် ဝဲ/ယာ မြက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ဈေးများနှင့် လူနေထူထပ်သည့်နေရာများ၌ လမ်းဘေး ရေနုတ်မြောင်းများအတွင်းသို့ အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်မှုမရှိစေရေး ပညာပေး ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ခင်းကျင်းပြီးလမ်းများ အစဉ်ကောင်းမွန်နေစေရေး ပြန်လည်စစ်ဆေးသွားကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၄

၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇွန် ၁၃ရက် ညနေ ၃နာရီ ၁၅မိနစ်တွင် သန်လျင်တပ်နယ် အားကစားကွင်း၌ကျင်းပရာ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ အရာရှိစစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဗိုလ်လုပွဲပွဲစဉ် ယှဉ်ပြိုင်ကြပြီးနောက် ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု၊ နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများနှင့် ပထမနှင့် ဒုတိယဆုရအသင်းများမှ အားကစားသမားများအား တစ်ဦးချင်းဆုများကို တာဝန်ရှိသူအသီးသီးမှ ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်းက ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းအား တံခွန်စိုက်ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဆက်သွယ်ရေးနှင့် ဟိုတယ်လုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်သိန်းဇော် ပြည်မြို့၌ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ အမှာစကားပြောကြားစဉ်။

(ဆက်သွယ်ရေး)

ရန်ကုန် ဇွန် ၁၄

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၁ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့ရှိ အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးပြီး ဆက်သွယ်ရေးလုပ်ငန်းများ ချောမွေ့ရေး မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် တိုက်ကြီးမြို့ အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပဲခူးတိုင်း(အနောက်) သာယာဝတီမြို့၊ ဇီးကုန်းမြို့၊ နတ်တလင်းမြို့၊ ပေါင်းတည်မြို့နှင့် ရွှေတောင်မြို့တို့ရှိ ဆက်သွယ်ရေး အဆင့်မြှင့်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ လျာထားချက်နှင့်အညီ အချိန်မီပြီးစီးရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ပြည်မြို့သို့ ရောက်ရှိပြီး မင်္ဂလာဂါးဒင်းဟိုတယ် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဇွန် ၁၂ရက် နံနက်ပိုင်းတွင် ပြည်မြို့၌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အတူ တိုင်း၊ခရိုင်၊မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ၍ အသင်း၏ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် မကွေးတိုင်း အောင်လံမြို့သို့ ရောက်ရှိပြီး အောင်လံ အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးကာ ဆက်သွယ်ရေး စက်ပစ္စည်းများ ချွတ်ယွင်းမှုမရှိရေး၊ ပုံမှန်လည်ပတ်ရေး မှာကြားသည်။

ထိုမှတစ်ဆင့် ကိုးပင်အဆင့်မြင့် ယာဉ်ရပ်နားစခန်းသို့ ရောက်ရှိပြီး ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သော ခရီးသွားများ နားနေမှုလုပ်ငန်းများကို ဖြည့်ဆည်းမှာကြားသည်။

ဝန်ကြီးသည် ဇွန် ၁၃ရက်တွင် ပဲခူးမြို့သို့ ရောက်ရှိပြီး ရွှေဝါထွန်း ဟိုတယ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့

၂၆–၆–၂၀၀၅

International Day Against Drug Abuse and Illicit Trafficking

26-6-2005

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

Value yourself ---make healthy choices

❀ မြန်မာ–တရုတ်မှ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Li Jinjun နှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲအပြီးတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့က ဟေးလုန်ကျန်းပြည်နယ် ယဉ်ကျေးမှုအကအဖွဲ့အား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။ (သတင်းစဉ်)

❒ မာလဲနတ်တောင်မှ

ဆည်ရေပေးနိုင်မည့် ဧရိယာဧကမှာ ဧက ၁၀၀၀၀ဖြစ်သည်။

စီးပွားဖြစ်စိုက်ပျိုး

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့နယ် ဒိုးကွင်ဟင်းသီးဟင်းရွက်ခြံသို့ ရောက်ရှိပြီး မြန်မာစိုက်ပျိုးရေးလုပ်ငန်းမှ တိုင်းမန်နေဂျာ၊ ခြံမန်နေဂျာနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ဈေးကွက်ရှိသည့် ဆေးဖက်ဝင် မြန်မာ့သစ်ခွပင်များ မျိုးပွားမှုလုပ်ငန်းနှင့် ပြည်သူလူထုအတွင်း စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်ရန် နည်းပညာပေးရေး လုပ်ငန်းများကို ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် ကော်ဖီစိုက်ပျိုးမှုကိစ္စရပ်များကို လည်းကောင်း၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ဝန်ထမ်းများနှင့် စီးပွားဖြစ် ပိုးမွေးမြူရေးလုပ်ငန်းများတွင် ပုဂ္ဂလိကပိုင်းမှ ပါဝင်ဆောင်ရွက်မှု ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဆေးဖက်ဝင် သစ်ခွမျိုးများမှ သစ်ခွနီ(ခေါ်) သုံးရောင်ခြယ်၊ ခမောက်ကြိုးသစ်ခွမျိုး၊ အာမဲသစ်ခွမျိုးနှင့် ဒေါင်းမြီးသစ်ခွ(ခေါ်) ခေါင်းပြောင်သစ်ခွမျိုးများကို တစ်သျှူးမျိုးပွားနည်းဖြင့် မျိုးပွားထားရှိမှု၊ စုဆောင်းထားသော မြန်မာ့သစ်ခွမျိုးများနှင့် လက်ရှိစိုက်ပျိုးထုတ်လုပ်လျက်ရှိသော ကညွတ်၊ ဆလတ် စသည့် ဟင်းသီးဟင်းရွက်ထွက်ကုန်များကို ကြည့်ရှုသည်။

တင်ပို့ရောင်းချ

ဝန်ကြီးက မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ သဘာဝအလျောက် ပေါက်ရောက်နေသည့် သစ်ခွများမှ ဆေးဖက်ဝင် သစ်ခွများကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်သို့ တင်ပို့ ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် ပေါင်စနစ်၊စင်တင်စနစ်၊ အပင်တွင် တွယ်ကပ်စိုက်ပျိုးသည့်စနစ်၊ ချိတ်ဆွဲစိုက်ပျိုးသည့် စနစ်များကို စိုက်ပျိုးထုတ်လုပ်သူများ ကျယ်ပြန့်စွာ သိရှိစေရေးနှင့် မျိုးအလုံအလောက် ထုတ်လုပ်ပေးနိုင်ရေးကို ဆွေးနွေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် သစ်ခွပျိုးဥယျာဉ်၌ ဆေးဖက်ဝင် သစ်ခွများကို စိုက်ပျိုးနည်းစနစ် အမျိုးမျိုးဖြင့် စိုက်ပျိုးထားရှိမှုများနှင့် စုဆောင်းရရှိသည့် ဆေးဖက်ဝင် သစ်ခွများကို မျိုးပွားခင်းထူထောင်ရန် အပင်အုံခွဲမှုများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း မတ္တရာမြို့ရှိ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အုတ်စက်ရုံ၏ အုတ်ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

✱ ကျောဖုံးမှ

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံတိုးချဲ့စီမံကိန်းအတွက် တည်ဆောက်အကောင်အထည်ဖော်သွားမည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

အုတ်စက်ရုံ

ထိုမှတစ်ဆင့် အုတ်စက်ရုံ(မတ္တရာ)သို့ရောက်ရှိလာရာ စက်ရုံမှူး ဦးမြင့်ထွန်းက အုတ်ထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေများကို တင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးက မြစ်ငယ်၊ ပုသိမ်ကြီးရွှေစာရံဘက်၌ ကုန်ကြမ်းမြေစေးလုပ်ကွက်များ ရှာဖွေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံထုတ် အုတ်များကိုလည်းကောင်း၊ စက်ရုံလုပ်ငန်းခွင်ရှိ ရွှံ့မြေစေးများ သယ်ယူမှုအခြေအနေများကိုလည်းကောင်း၊ ရွှံ့စေးမှ အုတ်ပုံဖြတ်တောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် မတ္တရာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိပြီး မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများအား တွေ့ဆုံမှာကြားသည်။

ဆပ်ပြာစက်ရုံ

ဝန်ကြီးသည် ဇွန် ၁၂ရက် နံနက် ၈နာရီတွင် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံ(မန္တလေး)သို့ ရောက်ရှိပြီး ဆီသိုလှောင်ကန်နှင့် ဆပ်ပြာကုန်ကြမ်းဆီ တိုင်ကီများထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရွှေဝါဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာနှင့် မွှေးဆပ်ပြာ ထုတ်လုပ်မှုများ၊ လုပ်ငန်းသုံး မော်တော်ဆိုင်ကယ်များနှင့် စက်အပိုပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။

နံနက် ၈နာရီခွဲတွင် မန္တလေးစက်မှုဇုန်ရှိ စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေး စီမံကိန်း သံရည်ကျို၊ စက်ခုတ်စားစက်ရုံများ တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေး စီမံကိန်း၏ဒါရိုက်တာအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ မန္တလေးစက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်က စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေးစီမံကိန်း၏ တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အားပေးကူညီနေ

ထို့နောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဝန်ကြီး ဦးအောင်သောင်းက စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပါမှ နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေးလုပ်ငန်းများကို အရင်းအနှီးများစွာ စိုက်ထုတ်၍ အားပေးကူညီနေကြောင်း။

ဒါရိုက်တာ အဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများကို အောင်မြင်အောင် အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုများဖြင့် လုပ်ငန်းများ တိုးတက်အောင်မြင်အောင် ကြိုးပမ်းသွားရန် လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မန္တလေးစက်မှုဇုန် မော်တော်ယာဉ်ထုတ်လုပ်ရေးကော်မတီက ထုတ်လုပ်သည့် Super Mandalar Truck မော်တော်ယာဉ်များ၊ လူစီးဘတ်စ်ကားများနှင့် ဂျစ်ကားများကို ကြည့်ရှုစစ်ဆေးပြီး လူစီးဘတ်စ်ကားများ၊ ကုန်တင်ထရပ်ကားများကို စည်းကမ်းနည်းလမ်းမှန်စွာဖြင့် တိုးတက်ထုတ်လုပ်သွားရေး မှာကြားသည်။ (သတင်းစဉ်)

ဘဏ္ဍာ/ အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ကမ္ဘာ့ဘဏ် အမှုဆောင်ဒါရိုက်တာတွေ့ဆုံ

ရန်ကုန် ဇွန် ၁၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ကမ္ဘာ့ဘဏ်အရှေ့တောင်အာရှ မဲပေးအုပ်စု Alternate Executive Director Ms. Nursiah Arshad သည် ယနေ့ ညနေ ၄နာရီတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ ညှိခန်းသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ကမ္ဘာ့ဘဏ် အရှေ့တောင်အာရှ မဲပေးအုပ်စု Alternate Executive Director Ms. Nursiah Arshad က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ ညှိခန်းသို့ လာရောက်တွေ့ဆုံစဉ်။ (ဘဏ္ဍာ/အခွန်)

အခြေခံစာရေးဝန်ထမ်းနှင့် စာရေးဝန်ထမ်း(ကြီးကြပ်မှု) သင်တန်းများဖွင့်

ရန်ကုန် ဇွန် ၁၄

အခြေခံစာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၁၁၆)နှင့် စာရေးဝန်ထမ်း(ကြီးကြပ်မှု) သင်တန်းအမှတ်စဉ်(၆၅) ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အန်းတောခန်းမ၌ ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ယင်းသင်တန်းဖွင့်ပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ဌာနကြီးမှူးများ၊ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဌာနစုမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၃၉ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်များလိုက်နာရန် သတိပေးနှိုးဆော်ချက်

- လမ်းမကြီးများပေါ်တွင် အချို့ယာဉ်များသည် အမြန်မောင်းနှင်ရန်နှင့်ကျော်တက်ရန် သတ်မှတ်ထားသော လက်ဝဲအစွန်ယာဉ်ကြောပေါ်တွင် စည်းကမ်းမလိုက်နာဘဲ အရှိန်ဖြည်းဖြည်းဖြင့် လမ်းပိတ်ဆို့မောင်းနှင်နေကြောင်း တွေ့ရှိနေရပါသည်။
- သို့ပါ၍ လမ်းမကြီးများပေါ်တွင် ဖြည်းဖြည်းမောင်းလိုပါက လမ်း၏ညာဘက်အစွန်ဆုံးယာဉ်ကြောတွင် မောင်းနှင်ရန်နှင့် မှန်မှန်မောင်းလိုသောယာဉ်များ လမ်း၏ ဒုတိယယာဉ်ကြောမှ မောင်းနှင်သွားရန်ဖြစ်ပါသည်။ လမ်း၏လက်ဝဲအစွန်ယာဉ်ကြောမှာ ရှေ့ယာဉ်အား ကျော်တက်လိုသောအခါ အရှိန်မြှင့်မောင်းနှင်ပြီး ကျော်လိုသောကားနှင့် လွတ်ကင်းချိန်တွင်ဒုတိယယာဉ်ကြောအတွင်းသို့ ပြန်လည်ဝင်ရောက်မောင်းနှင်သွားခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုမရှိဘဲ ယာဉ်များအလွယ်တကူ သွားလာနိုင်မည်ဖြစ်ပါသဖြင့် လမ်းမကြီးစည်းကမ်းများအား တိကျစွာ လိုက်နာသွားရန်လိုအပ်ပါသည်။
- လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ နှစ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၄

မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကို မေ ၃၁ရက် နံနက် ၈နာရီခွဲက မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စမ်းစမ်းမြင့်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းများက နှစ်ပတ်လည် အစီရင်ခံစာများကို တင်ပြကြပြီး တင်ပြချက်များအပေါ် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆက်စပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ကျန်းမာရေး ပညာပေးဟောပြောပွဲနှင့် အာဟာရချက်ပြုတ်သည့် သရုပ်ပြပွဲ၊ ဟောပြောပွဲကို ကျင်းပသည်။ (ခရိုင်/ပြန်ဆက်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၆-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း

၈:၁၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက

၈:၂၀ ၇။ ဖြူးချောင်းတံတား

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Let's Go

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ တေးဂီတအစီအစဉ်

၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (ရူပဗေဒ)

၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၅:၁၅ ၆။ အကပြိုင်ပွဲ

၅:၃၀ ၇။ သီချင်းကြီးပဒေသာ

၅:၄၅ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်

၆:၀၀ ၉။ Discovery.

၆:၁၀ ၁၀။ တေးဂီတအစီအစဉ်

၆:၃၀ ၁၁။ ညနေခင်းသတင်း

၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၃။ ၂၀၀၅ ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ အရေးပညာ ဘာသာရပ်သင်တန်း ပို့ချချက်(အပိုင်း-၁)

၇:၂၀ ၁၄။ တေးဂီတအစီအစဉ်

၇:၃၅ ၁၅။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ

၇:၄၅ ၁၆။ တေးဂီတအစီအစဉ်

၈:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **၂၀၀၄ ခုနှစ်၊ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ (ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲ) (မန္တလေးတိုင်း) (ပထမပိုင်း)**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၄

ပို့ဆောင်ရေးဝန်ကြီးဌာနက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ နာယကချုပ် ဆရာတော်အမှူးပြုသော သင်ကြားစီမံဆရာတော်များနှင့် စာသင်သံဃာတော်များအား တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ဌာနအကြီးအကဲများ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအကဲများက နာယကချုပ်ဆရာတော်နှင့် ဆရာတော်သံဃာတော်များအားလှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တို့က လှူဒါန်းသော တစ်နေ့တာ ဆွမ်းအလှူငွေကျပ် ၄၃၅၅၀၀ကို ဝန်ကြီးက သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဆရာတော်က အနုမောဒနာတရားချီးမြှင့်ပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအကဲများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဝန်ကြီးဌာန၏ တစ်နေ့တာဆွမ်းအလှူငွေကျပ် ၄၃၅၅၀၀ ကို သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သို့ပေးအပ်လှူဒါန်းစဉ်။ (ပို့ဆောင်ရေး)

ကွင်းပိတ် ရုံး/ ထွက် ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၁၄

အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ကကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းပိတ်ရုံး/ထွက် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ကွင်း၌ ဆက်လက် ကျင်းပသည်။

ပြိုင်ပွဲ၏ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ဆောက်လုပ်ရေးအသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဇွန်၁၇ရက် ညနေ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဘဏ္ဍာ/အခွန်အသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

(သတင်းစဉ်)

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် စာရင်းစစ်ချုပ်ရုံး ပြည်နယ်နှင့် တိုင်းစာရင်းစစ်အရာရှိ များ၏ ၂၀၀၅ခုနှစ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စစ်ဆေးရေးလုပ်ငန်းများကို ထိထိရောက်ရောက်စစ်ဆေး ဥပဒေနှင့်အညီ လိုက်နာခြင်းရှိမရှိ တိတိကျကျဖော်ထုတ်

ရန်ကုန် ဇွန် ၁၄

စာရင်းစစ်ချုပ်ရုံး ပြည်နယ်၊တိုင်းစာရင်းစစ်အရာရှိများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ ညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး)ဦးခင်မောင်လင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ)ဒေါ်သန်းသန်းအေး၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် ပြည်နယ်၊တိုင်းစာရင်းစစ်အရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ပြုပြင်ပြောင်းလဲနေသောကာလ၌ အစိုးရစာရင်းစစ်များအနေဖြင့် စစ်ဆေးရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ထိထိရောက်ရောက်စစ်ဆေးဆောင်ရွက်ရေး၊ စာရင်း စစ်ဆေးရေးအပိုင်းသာမက လုပ်ငန်းစစ်ဆေးခြင်းကိုပါ အလေးပေးဆောင်ရွက်ရေး၊ လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများက ဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိမရှိတို့ကို တိတိကျကျ စစ်ဆေးဖော်ထုတ် အစီရင်ခံနိုင်ရေး တို့ကို ဆောင်ရွက်ကြရန် ပြောကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် ပြည်နယ်၊တိုင်းစာရင်းစစ်အရာရှိများက မိမိတို့၏ပြည်နယ်၊ တိုင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးခံ အဖွဲ့အစည်း အခြေအနေနှင့် စစ်ဆေးဆောင်ရွက်နိုင်မှုအခြေအနေ၊ အရေးကြီးသော စစ်ဆေးတွေ့ရှိချက်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းမှ အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဝန်ထမ်းအင်အားအခြေအနေ၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ်အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးချက်များအပေါ် စာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြကာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၄-၆-၂၀၀၅)

သံတွဲ	-	၁၁၃သမ ၈၅လက်မ
စစ်တွေ	-	၁၁၃သမ ၅၀လက်မ
မကွေး	-	၁၁၃သမ ၄၅လက်မ
ပူတာအို	-	၁၁၃သမ ၄၂လက်မ
ထားဝယ်	-	၁၁၃သမ ၃၀လက်မ
ဟားခါး	-	၁၁၃သမ ၁၄လက်မ

ဒေါပုံ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းမှ ဒေါပုံ မြို့နယ်အတွင်းရှိ ချို့တဲ့သောကလေး များအားပညာသင် စရိတ် ထောက်ပံ့ငွေ ပေးအပ်ပွဲကို မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ခန်းမ၌ ဇွန်၁၁ရက်က ကျင်းပရာ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက ကျောင်းသုံး စာရေးကိရိယာနှင့် စာအုပ်များပေးအပ်စဉ်။

(မိခင်/ကလေး)

အမျိုးသမီးရေးရာအကြောင်း ဟောပြောဆွေးနွေး

ရန်ကုန် ဇွန် ၁၄

မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ အမျိုးသမီးရေးရာ အကြောင်းသိကောင်းစရာ ဟောပြောဆွေးနွေးပွဲကို ဇွန် ၁၂ ရက်က သပြေကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို တက်ရောက်အမှာစကားပြောကြားသည်။ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်က အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများဟောပြောဆွေးနွေးပြီး အဖွဲ့ဝင်အသိအမှတ်ပြုကတ်ပြားများကို ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညွန့်စိန်သို့ပေးအပ်သည်။ **(ယာပုံ)**

ဟောပြောဆွေးနွေး

အလားတူ စံပြ ဖဆပလရပ်ကွက်၊ တောင်ညွန့်ကြီးရပ်ကွက်၊ ရေတွင်းကုန်းရပ်ကွက်နှင့် သာယာကုန်းရပ်ကွက်တို့ တွင်လည်းအမျိုးသမီးရေးရာအကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးခဲ့သည်။ (၃၂)

မြန်မာ–တရုတ် ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ ကျင်းပ စီချွမ်ပြည်နယ်အသင်းက သုံးပွဲ–ပွဲမရှိဖြင့် အနိုင်ရ

ရန်ကုန် ဇွန် ၁၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသော မြန်မာ–တရုတ် ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun နှင့် သံရုံး အဖွဲ့ဝင်များ၊ အားကစားဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟို လုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသား ကျောင်းသူများ၊ အားကစား ဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ ရှေးဦးစွာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင် အသင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် လက်ရွေးစင် ဘော်လီဘောအသင်းတို့ ကွင်းအတွင်းဝင်ရောက်၍ သတ်မှတ်နေရာ၌ နေရာယူကြပြီး အားကစားဝန်ကြီးဌာန ဝန်ကြီး၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က နှစ်ဖက်အသင်းမှ အားကစားသမားများအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နှစ်နိုင်ငံ အားကစားသမားများ အထိမ်းအမှတ်အလံနှင့် အမှတ်တရပစ္စည်းများ လဲလှယ်ကြပြီး အားကစားပြိုင်ကွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ပထမပွဲစဉ်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စီချွမ်ပြည်နယ် လက်ရွေးစင် ဘော်လီဘောအသင်းနှင့် မြန်မာ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ်အသင်းက ၂၅–၂၃ မှတ်၊ ၂၅–၁၅ မှတ်၊ ၂၅–၁၉ မှတ် သုံးပွဲ–ပွဲမရှိဖြင့် အနိုင်ရရှိသွားသည်။

မြန်မာ–တရုတ် ချစ်ကြည်ရေး ဘော်လီဘော ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်ကို ဇွန် ၁၆ရက် ညနေ ၃နာရီတွင် ယင်း အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပ မည်ဖြစ်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ည ၇နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသော မြန်မာ–တရုတ် ချစ်ကြည်ရေး ဘော်လီဘော ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားရန် ရောက်ရှိနေသော စီချွမ်ပြည်နယ် အမျိုးသား လက်ရွေးစင် ဘော်လီဘောအသင်းအား မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

ဂုဏ်ပြုညစာစားပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်၊ ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ နှင့် အိုလံပစ်ကော်မတီဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun၊ အားကစား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ နိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မြန်မာ–တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး ဘော်လီဘော အားကစားအဖွဲ့ဝင်များ တက်ရောက် ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ဂုဏ်ပြုကြိုဆို နှုတ်ခွန်းဆက်စကားပြော ကြားပြီး စီချွမ်ပြည်နယ် အမျိုးသား လက်ရွေးစင် ဘော်လီဘောအသင်း ခေါင်းဆောင် Mr. Chen Ben Sheng က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အမှတ်တရ ဂုဏ်ပြု လက်ဆောင်များ အပြန်အလှန်ပေးအပ် ကြပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ် နှိမ်နင်းရေးနှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက်၃နှစ်မှ ၁၄နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်လျှင် ရင်သွေးငယ်များအသက်ဆုံးပါးသည်အထိဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါကြိုတင် ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသောခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန် မိမိတို့ ရင်သွေးငယ်များခြင်ကိုက် မခံရစေရန် အောက်ပါအတိုင်းဆောင်ရွက်ကြပါရန်နှိုးဆော်အပ်ပါသည်။

လိုက်နာရမည့်အချက်များ

(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကိုနေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်း လင်းပါ။
(င) မိမိတို့အိမ်ရှေ့အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာ ကောင်းအောင်ရှင်းလင်းပါ။(လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။)
(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သောမြေနိမ့်များကိုဖို့ပါ။
(ဆ) အလင်းရောင်ရရှိရန်တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။
(ဇ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းအောင်ထားပါ။
(ဈ) ကလေးများနေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။

(အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုး စသည်တို့ကို ဝတ်ဆင်ထားပေးပါ။)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

ဟံသာဝတီ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း တည်ဆောက်မှု မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တို့သည် အတွင်းရေးမှူး ဦးမြင့်အောင်၊ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုးတို့ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် နာနတ်တောလမ်းဆုံအနီး၌ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ဟံသာဝတီ ဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်းသို့ ရောက်ရှိကြရာ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာန ဌာနမှူး ဦးညွန့်ဖေ၊ ဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်းတာဝန်ခံ ဦးအောင် ဇော်ဦးနှင့် တာဝန်ရှိသူများက ဟံသာဝတီဂေါက်သီးရိုက်လေ့ကျင့်ရေး ကွင်း တည်ဆောက်ထားရှိမှု၊ အရှည် ၂၄၂ပေ၊ အကျယ် ၃၈ပေရှိ Club House နှစ်ထပ် အဆောက်အအုံ ဆောက်လုပ်နေမှု၊ မြက်စိုက်ပျိုးထား ရှိမှု အခြေအနေများကို လိုက်လံ ရှင်းလင်းပြသကြသည်။

ထို့နောက် မြို့တော်ဝန်နှင့် ဒုတိယ မြို့တော်ဝန်တို့က လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေး သည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့် ဒုတိယ မြို့တော်ဝန်တို့သည် ကန်တော်ကြီး သဘာဝဥယျာဉ် Relaxation Zone ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက တာဝန်ယူဆောင်ရွက်နေ သည့် သစ်သားတံတား တည်ဆောက် ပြီးစီးမှုနှင့် မြေယာအလှ ပြုပြင်ဆောင် ရွက်နေမှု အခြေအနေများကို သွား ရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ် ချိန်ထက် ဆောလျင်စွာ ပြီးစီးရေး မှာကြားသည်။ (သတင်းစဉ်)

အဆို၊ အက၊ အရေး၊ အတီး နွေရာသီသင်တန်းဆင်း

ရန်ကုန် ဇွန် ၁၄

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး နွေရာသီသင်တန်းဆင်း ပွဲကို ဇွန် ၃ရက်တွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးရဲထွန်းစိန်က အမှာစကား ပြောကြားပြီး သင်တန်းဆင်း လက်မှတ် များ၊ သင်တန်းနည်းပြဆရာ၊ ဆရာမ များအား ဂုဏ်ပြုလက်ဆောင်များနှင့် ထူးချွန်ဆုများကို တာဝန်ရှိသူများက ပေးအပ်ကြသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ရှမ်းကုန်းလမ်း အမှတ် (၄၉၄)နေ ဦးကံညွန့်–ဒေါ်တင်တင်ဝင်း မိသားစုတို့က အင်းစိန်မြို့ကွက်သစ်ရပ်ကွက် မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ စိန်ရတနာ နာရေးကူညီမှု အသင်းသို့ အလှူငွေကျပ်တစ်သိန်း လာရောက်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ (၁) ဦးထွန်းမင်းနှင့်အဖွဲ့ လက်ခံရယူစဉ်။ (က–ပ)

အာရှအမျိုးသမီး ဘောလုံးပွဲ မြန်မာနိုင်ငံ စင်ကာပူနှင့် အင်ဒိုနီးရှား ဂိုးမရှိသရေကျ

ဟနွိုင် ဇွန် ၁၄

အာရှဘောလုံးအဖွဲ့ချုပ် (အေအက်ဖ်စီ) အမျိုးသမီးဘောလုံး တံခွန်စိုက်ပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ဟနွိုင်မြို့၌ တနင်္လာနေ့ကကျင်းပရာ မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး စင်ကာပူနှင့် အင်ဒိုနီးရှား အသင်းတို့ ဂိုးမရှိသရေကျခဲ့ကြကာ ဥဇဘက်ကစ္စတန်နှင့် မော်လ်ဒိုက်တို့ပွဲတွင် ဥဇဘက်ကစ္စတန်အသင်းက ခြောက်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

စင်ကာပူအသင်းရော အင်ဒိုနီးရှားအသင်းပါ နှစ်သင်းစလုံး နောက်တန်းကောင်းမွန်ပြီး နှစ်သင်းစလုံး အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ဂိုးသွင်းနိုင်ခြင်း မရှိခဲ့ကြပေ။

ပွဲချိန် ၂၇မိနစ်တွင် စင်ကာပူအသင်းမှ တိုက်စစ်မှူး မာယက်အဇာရီးနားက ဂိုးသွင်းရန်အခွင့်အရေး ရရှိခဲ့သော်လည်း ဂိုးမဝင်ခဲ့ပေ။

ကာကွယ်နိုင်

ယင်းနောက်တွင် အင်ဒိုနီးရှားတိုက်စစ်မှူး တူဂီယတ်တီက ဂိုးစည်းဧရိယာအပြင်ဘက်မှ အပိုင်ကန်သွင်းသော်လည်း စင်ကာပူဂိုးသမား ပီလက်ဖ်ချာမာရင်း ကာကွယ်နိုင်ခဲ့သည်။

ပွဲကစားချိန် ဒုတိယပိုင်းစတင်ပြီးနောက် ငါးမိနစ်အကြာတွင် စင်ကာပူကွင်းလယ်သမား ဇေတန်မာဇာရီးနားက ညာတောင်ပံဘက်မှ ဖြတ်ပို့ပေးလိုက်သော ဘောလုံးကို တီနာက ကန်သွင်းသော်လည်း ဂိုးဝင်ခြင်းမရှိပေ။

အင်ဒိုနီးရှားအသင်းသည် ပိုမိုထိုးဖောက်ကစားလာခဲ့ပြီး အင်ဒိုနီးရှား တိုက်စစ်မှူး ယန်ဆစ်ဂျန်နီက စင်ကာပူဂိုးသမားနှင့် ရင်ဆိုင်တွေ့ကာ အပိုင်ကန်သွင်းသော်လည်း ဂိုးမရရှိခဲ့ပေ။

ဆင်ဟွာ။

ဇွန် ၁၁ရက်က ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် ဂီနီနိုင်ငံ အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သော တူနီးရှားအသင်းမှ အစ်ဆန်ဂျီမာ (ယာ) **အား တွေ့ရစဉ်။ (တူနီးရှားအသင်းသည် ကွန်ဖက်ဒရေးရှင်းဖလား အုပ်စု ပွဲအဖြစ် ဇွန် ၁၅ ရက်တွင် အာဂျင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။)**

ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲ ဂျာမနီနိုင်ငံတွင် ကျင်းပရန်ပြင်ဆင်

လိုက်ပ်ဇစ်(ဂျာမနီ) ဇွန် ၁၄

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ကြီးမှူးကျင်းပသည့် ၂၀၀၅ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲကို ဇွန် ၁၅ ရက်မှစ၍ ဂျာမနီနိုင်ငံတွင် စတင်ကျင်းပမည်ဖြစ်သည်။ ကွန်ဖက်ဒရေးရှင်းဖလား ပြိုင်ပွဲဝင်အသင်းများတွင် ဘရာဇီး၊ အာဂျင်တီးနား၊ ဂရိ၊ ဩစတြေးလျ၊ တူနီးရှား၊ ဂျပန်၊ မက္ကဆီကိုနှင့် ဂျာမနီနိုင်ငံတို့ပါဝင်ပြီးအုပ်စုနှစ်စုခွဲ ထားသည်။

ကွန်ဖက်ဒရေးရှင်းဖလား အဖွင့်ပွဲစဉ်အဖြစ် ဂျာမနီနိုင်ငံကိုလုံးမြို့တွင် ဗုဒ္ဓဟူးနေ့၌ အာဂျင်တီးနားနှင့်တူနီးရှားတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင် ပွဲဦးထွက်ကစားရမည့် တူနီးရှား အသင်းသည် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ တတိယအကြိမ် ဝင်ရောက်ခွင့်ရရှိရန်ကြိုးပမ်းလျက်ရှိရာ ယခုပွဲသည် ယင်းအသင်းအတွက် အရေးပါသောပွဲဖြစ်မည်ဖြစ်ကြောင်း နည်းပြ ရော်ဂျာလမ်းမားကပြောကြား သည်။

အုပ်စု (က)တွင် တူနီးရှားနှင့်ယှဉ်ပြိုင်ရမည့် အာဂျင်တီးနားအသင်း မှာမူ ၁၉၉၂ ခုနှစ်တွင် ကွန်ဖက်ဒရေးရှင်းဖလား ချန်ပီယံရရှိခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ဒုတိယရရှိခဲ့သည့် အသင်းဖြစ်သည်။

အုပ်စု (ခ)တွင် ပါဝင်မည့် ဂျပန်နှင့်မက္ကဆီကို အသင်းတို့မှာ ကြာသပတေးနေ့တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ယင်းနေ့တွင် ဒုတိယပွဲအဖြစ် ဘရာဇီးနှင့်ဂရိတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဥရောပ ချန်ပီယံဂရိအသင်း၏ အသင်းခေါင်းဆောင်အဖြစ် သီအိုဒေါ ရော့စ်ဇာဂိုရာကစ်က တာဝန်ယူမည်ဖြစ်သော်လည်း နာမည်ကျော်တိုက်စစ်မှူး ဇီစစ်ဗွီရီဇက်မှာ ထိခိုက်ဒဏ်ရာရရှိထားသဖြင့် ပါဝင်ကစားနိုင်ခြင်းမရှိပေ။

ရိုက်တာ။

ပဲခူးတိုင်း ရော်ဘာတိုးချဲ့စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်း တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်အမှာစကားပြောကြား

ရန်ကုန် 　 ဇွန် 　 ၁၄

ပဲခူးတိုင်း ၂၀၀၅–၂၀၀၆ ခုနှစ် ရော်ဘာတိုးချဲ့စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၁ နံနက် ၈ နာရီတွင် ပဲခူးမြို့ သီရိဥဿာခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တိုင်း အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလွင်နှင့် ကောင်စီဝင်များ၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာ ဦးမြင့်စိုးနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရော်ဘာစိုက်တောင်သူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားပြီး မြန်မာ့နှစ်ရှည်ပင် လုပ်ငန်း တိုင်းမန်နေဂျာ ဦးမြင့်စိုးက ၂၀၀၅–၂၀၀၆ ခုနှစ် ရော်ဘာစိုက်ပျိုးရန် လျာထားဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် တက်ရောက်လာကြသည့် ရော်ဘာစိုက်တောင်သူများနှင့် လုပ်ငန်းရှင်များက ရော်ဘာစိုက်ပျိုးရန် ဆောင်ရွက်နေမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမန်နေဂျာနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အမှတ် (99/C-4) သံလွင်လမ်း ဗဟန်းမြို့နယ်နေ ကွယ်လွန်သူ ဒေါ်စိန်စိန်နှင့် သား မောင်ကျော်ကြီးတို့အား ရည်စူး၍ ဦးအောင်သိန်း၊ သား၊သမီး၊ မြေးတစ်စုက ငွေကျပ် ၂၀၀၀၀၀ ကို အထွေထွေ အတွင်းရေးမှူး ဦးမင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အလှူငွေပေးအပ်

ရန်ကုန် 　 ဇွန် 　 ၁၄

ပြည်ခရိုင် ရွှေတောင်မြို့ အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ စက်ရုံနယ်မြေ ဝန်ထမ်းရပ်ကွက်ရှိ "ပညာတံခွန်စာကြည့်တိုက်" စာကြည့်တိုက် အသိအမှတ်ပြုလွှာပေးအပ်ပွဲနှင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၁ ရက်တွင် အဆိုပါ စာကြည့်တိုက် အဆောက်အအုံခန်းမ၌ ကျင်းပသည်။

တက်ရောက်

ယင်းအခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ စက်ရုံမှူး ဦးဇော်ဝင်းမောင်၊ ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးနှင့် ခရိုင်ဦးစီးအရာရှိများ၊ မြို့နယ်ဦးစီးမှူးများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က **"ပညာတံခွန်စာကြည့်တိုက်"** အသိအမှတ်ပြုလွှာကို စက်ရုံမှူးသို့ ပေးအပ်သည်။ ထို့နောက် အဆင့်မြင့်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ စာပေနှင့် ယဉ်ကျေးမှုကော်မတီ ကိုယ်စား နာယက စက်ရုံမှူး ဦးဇော်ဝင်းမောင်က ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံပြီး စက်ရုံမှူးအား ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

လှူဒါန်း

ကွယ်လွန်သူ ဒေါ်အေးရီအား ရည်စူး၍ သုဝဏ္ဏမြို့ (၂၃)ရပ်ကွက် ယင်းမာမြိုင်လမ်း အမှတ်(၃၄၁)နေ ကျန်ရစ်သူ မောင်နှမတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးသိန်းအောင် လက်ခံစဉ်။ (က–ပ)

ပြည်ခရိုင် ရွှေတောင်မြို့ အဆင့်မြင့်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ စက်ရုံမှူး ဦးဇော်ဝင်းမောင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ငွေကျပ်တစ်သိန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သို့ ပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဇွန်လ (၇)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၈၅၃၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ပေးအပ်

အမှတ်(၁၅၄) ဗိုလ်မှူးဗထူးလမ်း၊ (၄၂)ရပ်ကွက်ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်နေဦးဝင်းမြင့်သန်း–ဒေါ်ခင်မာ မိသားစုက အလှူငွေကျပ် နှစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူနှင့် ပြန်ကြားရေးအဖွဲ့ဝင် ဦးညီကျော်တို့ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် 　 ဇွန် 　 ၁၄

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမ အမှတ်(၆)ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၏ (၂၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (ဝါဆိုလပြည့်) ဇူလိုင် ၂၀ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းဒွိစုံ၊ မိမိနှစ်သက်ရာ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆေးဝါး စသည့် ပစ္စည်းလေးပါးနှင့် ဆွမ်းစရိတ်တို့ကို လှူဒါန်းနိုင်ကြကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅–၆–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။	မျိုးချစ်တပ်မတော်
၄:၄၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။	**အဝေးသင်တက္ကသိုလ်ပညာရေးပို့ချမှု အစီအစဉ် – "History of Psychology. (ပထမနှစ်၊ စိတ်ပညာ)**
၅:၃၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၆။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "၂၄နာရီ" (အပိုင်း–၁၁)**
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	ဗီစီဒီ ကျော်ကြားတေးများ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်နှာဖုံးလူနဲ့ရွှေမင်းသမီး" (အပိုင်း–၃၃)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

စစ်ကိုင်းတိုင်းဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး အရာတော်မြို့နယ်၌ သဘာဝရေလျှံတွင်းများ စစ်ဆေး

ရန်ကုန် ဇွန် ၁၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၉ ရက် နံနက်က အရာတော်မြို့နယ် ဘော်ကုန်းကျေးရွာသို့ ရောက်ရှိပြီး သဘာဝရေလျှံတွင်းမှ ရေထွက်ရှိမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားပြီး ကျေးရွာအခြေခံပညာမူလတန်းကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

သဘာဝရေလျှံတွင်း

ယင်းနောက် တိုင်းမှူးသည် ပါရမီကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအခြေခံပညာ မူလတန်းကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပြီး အရာတော်မြို့နယ် မကြီးကန်ကျေးရွာသို့ ရောက်ရှိကာ သဘာဝရေလျှံတွင်း ရေထွက်ရှိနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့မှတစ်ဆင့်တိုင်းမှူးသည်အရာတော်မြို့နယ် ရဲချင်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူးသည် အရာတော်–ရွှေဘို ကားလမ်း မိုင်တိုင်အမှတ် (၂၉/၅)တွင် ရေလျှံတွင်း၊ တွင်းအမှတ်(၂)အား စက်ယန္တရားကြီးများနှင့် တူးဖော်နေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၃၁/၁)ရှိ အမှတ်(၁)ရေလျှံတွင်းမှ ရေထွက်ရှိနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရေထွက်နှုန်း

အဆိုပါ ရေလျှံတွင်းမှာ အကျယ် လေးလက်မနှင့် အနက်ပေ၃၃၀၀ရှိပြီး တစ်နာရီ ရေထွက်နှုန်း ဂါလန် ၂၂၅၀၀ ထွက်ရှိ၍ မိုးစပါးဧက၅၀သို့ စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တိုင်းမှူးသည် အရာတော်–မုံရွာလမ်းဘေးဝဲ/ယာ၌ ဌာနဆိုင်ရာများမှ စိုက်ပျိုးထားသည့် အရိပ်ရလေကာပင် တစ်အုပ်တစ်မစိုက်ခင်းသို့လည်းကောင်း၊ အရာတော်ရေလှောင်တမံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့လည်းကောင်း၊ မုံရွာမြို့ ပြည်ထောင်စုလမ်း ကျောက်ခင်းနေမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလားငါးမြို့နယ် အမျိုးသား၊ အမျိုးသမီး အလေးမ၊ ကာယဗလနှင့် ကာယအလှပြိုင်ပွဲကို ဇွန် ၄ရက်နှင့် ၅ရက်က မော်လမြိုင်ကျွန်းမြို့ မော်ရွှေဝါခန်းမ၌ ကျင်းပရာ မြောင်းမြခရိုင် ဥက္ကဋ္ဌဖလားဆုရရှိသော မြောင်းမြမြို့နယ်အား မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင် ဆုဖလား ချီးမြှင့်ပေးအပ်စဉ်။ (၃၆၄)

စည်းရုံးရေးစွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်

ကျောက်ဆည် ဇွန် ၅

ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူး၍ စည်းရုံးရေးစွမ်းရည်မြှင့် သင်တန်းအမှတ်စဉ် ၁/၂၀၀၅ ဖွင့်ပွဲနှင့် အသင်းဝင် အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီက ခရိုင် အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လက်ခံရယူ

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး တင်အုန်းနှင့် မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသိန်းထွန်းတို့က အမှာစကားပြောကြားကြပြီး ခရိုင်အတွင်းရှိ မြို့နယ်များမှ အသင်းဝင် အဆိုပြုလွှာ ၄၀၀၀ ကို ခရိုင်အသင်း အတွင်းရေးမှူး ဒေါက်တာရဲဝင်းနိုင် စုပေါင်းပေးအပ်ရာ မန္တလေးတိုင်း အသင်း အလုပ်အမှုဆောင် ဒေါ်သန်းသန်းက လက်ခံရယူသည်။

အဆိုပါ သင်တန်းသို့ ခရိုင်အတွင်းရှိ မြို့နယ်များမှ အသင်းဝင်သင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှ ရက်သတ္တတစ်ပတ်ကြာမြင့်ကြောင်း သိရသည်။ (က–ပ)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

ညောင်ဦး မေ ၃၀

ညောင်ဦးမြို့နယ်အတွင်း ဖွင့်လှစ်ခဲ့သော ကျေးရွာ၊ ရပ်ကွက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရှင်သန်ရေးအတွက် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ခရိုင်ဦးစီးအရာရှိ ဒေါ်တင်မြလွင်သည် ခတ်ပုံကျွမ်းကျင်–၂ ဦးလှစိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၁ ရက်နှင့် ၂၂ ရက်က စက ကျေးရွာ ပွင့်ဝေစီစာကြည့်တိုက်၊ မြေသန့်တောင်ကျေးရွာ မိုးသောက်ပန်းစာကြည့်တိုက်၊ ပျော်ဘွယ်ကျေးရွာ ပညာ့ဗိမာန်စာကြည့်တိုက်၊ ရွာသာကျေးရွာ သူရိယစာကြည့်တိုက်နှင့် ဂန့်ဂါရပ်ကွက် ပညာရနံ့စာကြည့်တိုက်သို့ သွားရောက်ပြီး စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိက စာအုပ်များ တိုးပွားရေး၊ စာအုပ်ငှား၊ စာဖတ်ပရိသတ်တိုးတက်ရေး၊ စာကြည့်တိုက် တစ်ခုတည်ထောင်ဖွင့်လှစ်ရာတွင် လိုအပ်သည့်အခြေခံမှု (၅)ချက်တို့ကို အကြံပြုဆွေးနွေးပြီး လိုအပ်သည်များ ဆွေးနွေးခဲ့ကြသည်။ (ခရိုင်ပြန်/ဆက်)

ရေစီးရေလာ ကောင်းမွန်ရေးဆောင်ရွက်

တောင်သာ ဇွန် ၁၀

တောင်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် မြို့ပေါ် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဥက္ကဋ္ဌ ဦးစောသန့်ဆွေ၊ အတွင်းရေးမှူး ဦးမျိုးသန်း၊ စည်ပင်အမှုဆောင်အရာရှိ ဦးကြင်အေး၊ ဒုလက်ထောက်အင်ဂျင်နီယာ ဒေါ်ချိုချို၊ ဆည်မြောင်းဦးစီးမှူး ဦးဇော်ဝင်းမြင့်နှင့် မြို့ပေါ်ရပ်ကွက်ဥက္ကဋ္ဌများ ဇွန် ၁ ရက်က စည်ပင်သာယာ အနောက်ဈေးတွင် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ အုတ်မြောင်းများ ပြုလုပ်ခြင်းနှင့် သန့်ရှင်းရေး ဆောင်ရွက်ခြင်းအား စစ်ဆေးခဲ့ကြသည်။ (မြို့နယ်ပြန်/ဆက်)

အဆို၊ အက၊ အရေး၊ အတီး သင်တန်းဆင်း

နွားထိုးကြီး ဇွန် ၁၀

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အခြေခံပညာ သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၃၀ ရက်က နံနက် ၁၀ နာရီက မြို့မ အခြေခံပညာ အလယ်တန်းကျောင်း နေဝန်းကျောင်းဆောင်ခန်းမတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလွင်၊ အဖွဲ့ဝင်(၂) မြို့နယ် လဝက ဦးစီးအရာရှိ ဦးကျော်ဌေး၊ မြို့နယ်ထွေ/အုပ် ဒုဦးစီးမှူး ဦးထွန်းထွန်းလင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းရီနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ အနုပညာဦးစီးဌာနမှ သင်တန်းနည်းပြများ၊ မြို့နယ်သဘင်အစည်းအရုံး အဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သင်တန်းကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးလှမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းလွင်က သင်တန်းနည်းပြဆရာ ဦးမျိုးထွန်းအား ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက အဆို၊ အကများဖြင့် ဧည့်ခံ ဖျော်ဖြေကြသည်။ (၉၄)

ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ သားသမီးများအတွက် ၂၀၀၅–၂၀၀၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို ဇွန် ၁၂ ရက်က မြို့နယ်စစ်မှုထမ်းဟောင်းရုံးခန်းတွင် ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးစံသိန်း(ငြိမ်း) ပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

မြို့နယ်သတင်းများ

ဇွန် ၅ ရက်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဟသ်ာတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပီထာဒွဲလ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်းအတွင်း သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ဂန့်ဂေါ မေ ၂၉

ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေသည် နယ်မြေခံတပ်မှ ဗိုလ်မှူးအောင်မျိုးသန်း၊ ဂန့်ဂေါမြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌဦးလှရှောင်၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးတင်ဝင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများနှင့်အတူ မေ ၂၆ နံနက်က ဂန့်ဂေါမြို့ မြို့မ အလက မြောက်ကုန်းရပ်ကွက် မူလတန်းလွန်ကျောင်း၊ စည်ပင်သာယာရပ်ကွက်၊ ကျောတိုက်ရပ်ကွက်၊ နယ်မြေခံတပ်ရင်းအမကတို့တွင် ပြုလုပ်သည့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများသို့ တက်ရောက်၍ ကျောင်းသား၊ ကျောင်းသူရင်သွေးငယ်များအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေက စာအုပ်နှင့် စာရေးကိရိယာများကို လည်းကောင်း၊ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးလှရှောင်က ပညာရေးဝန်ကြီးဌာနမှ ပေးပို့သည့် ကျောင်းသုံးစာအုပ်များကို လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌဒေါ်ချိုချိုနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်လေးရီတို့က ဗလာစာအုပ်များကို လည်းကောင်း သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးများထံ ပေးအပ်လှူဒါန်းသည်။ (၄၆၅)

မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းခွင်တွင် အင်ဂျင်နီယာမှူး ဦးဝင်းကျော်မျိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်မြင့်လွင်ဦးတို့ မေ ၂၄ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မာလဲနတ်တောင် ရေလှောင်တမံစီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် မာလဲကျေးရွာအနီး၌ မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသည့် မာလဲနတ်တောင် ရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက ပင်မတမံ၊ ရေထုတ်ပြွန်အမှတ်(၁)နှင့် အမှတ်(၂)၊ ရေပိုလွှဲတည်ဆောက်မှု၊ ဆည်ရေသောက်စနစ်တို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များဆွေးနွေးပြီး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ မာလဲနတ်တောင် ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်၍ တမံအလျား ပေ ၁၁၈၅၀၊ တမံအမြင့် ၇၂ပေရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၅၇၄၇၀ရှိသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မန္တလေးတိုင်း စဉ့်ကူးမြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသည့် မာလဲနတ်တောင် ရေလှောင်တမံစီမံကိန်း ပင်မတမံတည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ မန္တလေးစက်မှုဇုန်ထုတ် မော်တော်ယာဉ်များ ကြည့်ရှုစစ်ဆေး ဘတ်စ်ကားများ၊ ကုန်တင်ထရပ်ကားများ တိုးတက်ထုတ်လုပ်ရေးမှာကြား

ရန်ကုန် ဇွန် ၁၄

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၁ရက် ညနေပိုင်းတွင် မန္တလေးတိုင်း မတ္တရာမြို့နယ် စကျင်ကျေးရွာအနီးရှိ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း စကျင်အမှတ်(၂) ကျောက်ပြားစက်ရုံခွဲသို့ ရောက်ရှိလာရာ စက်ရုံမှူး ဦးစိုးဝင်းက ကမ္ဘကျောက်တောင်သိုက်၏ ပမာဏ၊ ထုတ်လုပ်ပြီးမှုနှင့် ဆက်လက်ထုတ်လုပ်နိုင်မည့် ကျောက်တန်ချိန်ပမာဏ၊ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုနှင့် လုပ်ငန်း၌ အသုံးပြုလျက်ရှိသည့် ယာဉ်၊ ယန္တရားများ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ယန္တရားကြီးများဖြင့် စကျင်ကျောက်တောင်မှ ကျောက်များတူးဖော်မှုနှင့် ကျောက်လွှာခြင်းလုပ်ငန်းများ၊ ကျောက်အချောကိုင်ခြင်းလုပ်ငန်းများ၊ စကျင်ကျောက်များ သိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၉ ကော်လံ ၄ သို့** ✳

အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို နိုင်

ရန်ကုန် ဇွန် ၁၄

အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၌ ကျင်းပသည်။

ပြိုင်ပွဲတွင် (က)အုပ်စုမှ မြန်မာအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းတို့ ယနေ့ ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၌ ပွဲဦးထွက်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ မြန်မာအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာအမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ဇင်မာဝမ်းက သုံးဂိုးနှင့် အေးနန္ဒာလှိုင်က တစ်ဂိုး သွင်းယူခဲ့သည်။

မြန်မာအမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းသည် ဇွန် ၁၆ရက် ညနေပိုင်းတွင် အိမ်ရှင် ဗီယက်နမ်အမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းနှင့် ဒုတိယပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (သတင်းစဉ်)

ဇွန် ၁၄ရက်က မြန်မာ–တရုတ် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၅၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေးလုန်ကျန်းပြည်နယ်မှ ယဉ်ကျေးမှုအကအဖွဲ့ အမျိုးသားဇာတ်ရုံ၌ ကပြဖျော်ဖြေတင်ဆက်ရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun နှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးကြစဉ်။ (သတင်း–ရွှေဖုံး)

(သတင်းစဉ်)